

Moe Publishing House

# ခင်မြဇင်

## အဝေးက ကြယ် နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ



# ရှေ့ခရီး၌

ဘိုင်ဘာ (နှုတ်မေးခွန်း) ဖြေဆိုရမည့်နေ့ဆိုလျှင် အလိုလို ရင်ခုန်သည်။ ကြော်ငြာသင်ပုန်းမှာ ကိုယ့်ခုံနံပါတ်အလိုက် ဘယ်ဆရာနှင့် ကျမလဲ ပြေးကြည့်ရသည်။

ကတ်ကတ်သတ်သတ် မေးတတ်တဲ့ ဆရာ၊ ကျောင်းသူတွေဆီက မျက်ရည်စတွေ ချူယူတတ်သည့် ဆရာမနဲ့များ ကျရင်တော့ ဘုရား... ဘုရား...။

မြတ်စွာဘုရားသခင် ဘဂတစ်လျှောက် ပြုပြုခဲ့သမျှ ရှိစုမဲ့စု ကုသိုလ်လေးတွေ ထောက်ထားပြီး ကယ်တင်တော်မူပါ။

ဘာပဲဖြစ်ဖြစ် နာရီတွေ၊ စက္ကန့်တွေ ရပ်မနေ။ ဘိုင်ဘာ ဖြေရတော့မည်။

အခန်းဂမှာ ရပ်နေရပြီ။

ရင်ထဲက တထိတ်ထိတ်။

***

## (၂)

ရေးဖြေ ဖြေပြီးသည့်တိုင် ညက စိတ်အေးလက်အေး မအိပ်ရ။

မိုးကလည်း တခြိမ်းခြိမ်းနှင့် သဲကြီးမဲကြီး ရွာလို့။

တကယ်ဆို စာမေးပွဲအပြီး မိုးကလေးအေးအေးနဲ့ ကွေးနေဖို့ မကောင်းဘူးလား။ ခုတော့ မကွေးနိုင်။ ဘိုင်ဘာအတွက် စာတမ်း (Termpaper) ပြန်ဖတ်ရဦးမည်။

သို့သော် မဖတ်ဖြစ်။

တစ်စုံတစ်ယောက်က တံခါးခေါက်လာသည်။

တံခါးကို ဖွင့်လိုက်တော့ အိပ်နိုးထစ ကပိုကရိုနှင့် ခင်နှင်းထွေး။

"ညကြီးမင်းကြီး ဘာလာရှုပ်တာလဲ"

သူ့လက်ထဲမှာလည်း ပလတ်စတစ် ရေပုံး အပြာရောင်တစ်လုံး ကိုင်လျက်။ တစ်ရေးနိုးသော် ဘာတွေများ အကြံပေါ်လာပြန်ပါလိမ့်။

"ငါ အောက်ထပ်ဆင်းမလို့ လိုက်ခဲ့စမ်းပါ"

"ဘာလုပ်ဖို့"

"အောက်ကျသိမှာပေ့ါဟယ်၊ လိုက်မှာ လိုက်ခဲ့စမ်းပါ"

သူက အညို့လက်ကို ဆွဲခေါ်သည်။

အိမ်သာသွားချင်လျှင် အောက်ထပ်ထိ သွားဖို့မလို။ အပေါ်ထပ်မှာလည်း အိပ်သာတွေအပြည့်။ ဘာကြောင့်များ မိုးသည်းသည်းထဲ အောက်ထပ်ကို သွားချင်ရပြန်ပါလိမ့်။ အခန်းအပြင်ဘက်မှာ မိုးသက်လေ၊ မိုးရေ၊ မိုးငွေ့ကြောင့် အေးနေသည်။

မနှစ်ကတော့ ဝင်းလဲ့ညိုနှင့် ခင်နှင်းထွေးက အခန်းဖော် သူငယ်ချင်းတွေ မတည့်အတူနေ ဆိုသလို စိတ်ကောက်လိုက်၊ ရန်ဖြစ်လိုက်၊ တည့်လိုက် နေခဲ့ကြသမျှ နောက်ဆုံးနှစ်မှာတော့ တစ်ယောက်ခန်း မဲနှိုက်ရာမှာ တစ်ခန်းစီ ရကြသဖြင့် ဘယ်သူမှ မနေချင်သော လှေကားထိပ် ထောင့်အခန်း မှောင်မှောင်ကလေးတွေမှာ သီးခြား စံမြန်းနေကြရရှာသည်။ သီးခြား စံမြန်းကြတော့မှ သူတို့သည် ပို၍ ရင်းနှီးချစ်ကြည်လျက် မခွဲနိုင်မခွာရက်ဖြစ်ကာ သူ့အခန်း လည်လိုက်၊ ကိုယ့်အခန်းရှုပ်လိုက် လုပ်နေကြသည်။

စာမေးပွဲရက်တွေတုန်းကတော့ လှည်းတန်းဈေးက လက်ဖက်တွေ၊ မုန့်တွေ ဝယ်ကာ စာကျက်လိုက်၊ စားလိုက် လုပ်ကြရင်း တစ်ယောက်နှင့်

တစ်ယောက် နှစ်အကြာကြီး ကွဲခဲ့ပြီး ခုမှပဲ ပြန်ဆုံရတော့သလို စကားတွေချည်း ပြောနေဖြစ်ကြသည်။ စားပြီးပြောပြီး ကုတင်တစ်လုံးပေါ်မှာ အိပ်ပျော်သွားတတ်ကြသည်။

တစ်ယောက်ယောက်က လန့်နိုးမှ ခြေသလုံးကိုင်ကာ အတင်းလှုပ်နိုးပြီး…

"ထ ထ… စာကျက် စာကျက်"

ဦးရာလူက နှိုးတတ်သည်။

အိပ်ငိုက်လိုက်၊ စာဖတ်လိုက်၊ မျက်စိကလေး ကျယ်လာအောင် ဟိုအကြောင်း ဒီအကြောင်း ပြောလိုက် လုပ်နေတတ်ခဲ့သည်။ ပြောသမျှတွေမှာလည်း မနက်ဖြန်ဖြေရမည့် စာတွေအကြောင်းထက် ခွဲရတော့မည့် သူတို့ချစ်သူတွေအကြောင်း ဖြစ်နေတတ်သည်။

"တော်ပြီဟာ… သည်အကြောင်းတွေ မပြောချင်တော့ဘူး"

မပြောချင်တော့ဘူး ဆိုသော်လည်း စကားတွေက ဂဲကတော့လှည့်ကာ ဒါတွေပဲ အပ်ကြောင်ထပ်နေပြီး ပြောသူကလည်း နားထောင်သူ စိတ်ဝင်စားမစား မသိ၊ ရင်ထဲက ခံစားရသမျှတွေ ကိုယ့်နှလုံးသားကို ပြန်ပြောသလို ပြန်ပြောနေတတ်သည်။ နားထောင်သူကလည်း သူ့အတွေးနှင့်သူ၊ သူ့အငေးနှင့်သူ။

ညနေကျတော့…

"ငါ နင့်ဆီ မလာတော့ဘူး၊ ဟိုအဖွဲ့တွေဆီ သွားလိုက်ဦးမယ်"

ခင်နှင်းထွေးက သူ့တစ်မြို့ထဲ သူငယ်ချင်းတွေ အခန်းဆီ သွားမည် ပြောခဲ့သည်။ ခုမှ ဘာတွေအကြံရပြီး ရောက်လာခဲ့ရပြန်ပါလိမ့်။

အောက်ထပ် ရေချိုးခန်းတွေဘက်မှာ မီးရောင်က ခပ်မှိန်မှိန် လင်းနေသည်။ ခင်နှင်းထွေး လက်ထဲက ပလတ်စတစ် ရေပုံးတွေမှာတော့ စာတွေ၊

ကျောင်းစာအုပ်တွေ၊ မှတ်စုတွေတော့ မဟုတ်။ ဖြူဖြူနီနီ၊ ပြာပြာ၊ ဝါဝါ၊ ပန်းရောင်၊ အစိမ်းရောင်၊ တက်ကနီကာလာ ရည်းစားစာတွေ။

သည်စာတွေကလည်း သူ့သမိုင်းကြောင်းနှင့်သူ ရှိခဲ့ကြဖူးသည်။ နှလုံးသည်းပွက်မှာ အပ်၊ ပါးမှာကပ်လျက် မြတ်မြတ်နိုးနိုး ကြည်ကြည်နူးနူး ရင်ခုန်သံတွေ ကွန့်မြူးလာစေခဲ့ဖူးသည့် စာတွေ။

နှင်းထွေးက သည်စာတွေကို အိမ်ယူမသွားရဲ။ နောက်ဆုံးနှစ် ကျောင်းပြီးပြီဆိုတော့ ရှိသမျှ အထုပ်အပိုးမှန်သမျှ အိမ်ပြန်သယ်ရမည်။ ဒီစာတွေသာ အမေမြင်လျှင် ရွှေရင်ဆို့လောက်သည်။ တက္ကသိုလ်က ဘာတွေ သင်ပေးလိုက်ပါလိမ့်။ ကျောင်းပို့မိတာ မှားပြီ အောက်မေ့ရှာလိမ့်မည်။ နှင်းထွေးခမျာမှာတော့ ကိုယ့်ဂမ်းစာ ကိုယ်မရှာနိုင်ခင် အိမ်မှာ ကပ်နေရဦးမှာမို့ သူ့ပြဿနာသူ လိမ္မာပါးနပ်စွာ ဖြေရှင်းရတော့မည်။

နှင်းထွေးက စာရွက်တွေကို ဖွကာ မီးခြစ် ထုတ်ခြစ်လိုက်သည်။ အညိုက သူ့လက်ကို လှမ်းဆွဲကာ ဟန့်တားလိုက်ပါသည်။

“မလုပ်ပါနဲ့ နှမြောစရာကြီးဟယ်”

“အို… အသာနေစမ်းပါ၊ နင်မသိပါဘူး”

“ဘာလဲ ငါ ကိုကိုနဲ့ တိုင်ပြောလိုက်မှာနော်၊ သူ့စာတွေ မီးရှို့ပစ်တာ”

“အဲဒါကြောင့် နင့်ကို ခက်တယ် ပြောတာပေါ့”

“ဘာခက်လို့လဲ”

“အို… သူ့စာတွေမှ မဟုတ်ဘဲ”

သည်တော့မှ မိညိုခမျာ သဘောပေါက်သွားရှာသည်။

“ဂမ်းနည်းလိုက်ပါရဲ့၊ ပန်းခြောက်ကလေးတွေရယ်”

“သူ့ခများ အိပ်ရေးပျက်ရှာမှာပဲနော်”

“သြော်… အချစ်… အချစ်”

“မီးညွှန့်မီးတောက်တွေကြား ရောက်တော့လည်း ပြိုက်ခနဲ ပြိုက်ခနဲပါလား၊ ညော်လိုက်တာဟာ”

တစ်ခဏအတွင်း မီးခိုးတွေ အူလာပြန်သည်။ နှင်းထွေးက မီးတောက်သထက် တောက်အောင် စာတစ်အုပ်နှင့် ယပ်ခတ်ပေးနေသည်။

“နင် တင်ဝင်းအောင်ကို တကယ်မုန်းလိုက်ပြီပေါ့”

“မမုန်းပါဘူးဟာ၊ စိတ်နာတာ တစ်ခုပဲ”

“နင် သူ့စာတွေ ပြန်ပို့လိုက်ရင် ပြီးတာပဲ၊ အေးပါလေ၊ အေးပေါလေ၊ နင် ထင်ယောင်ထင်မှား ဖြစ်ခဲ့တာပေါ့ ဟုတ်လား၊ စာတွေကလည်း များလှချည့်လား”

နှင်းထွေးက စိတ်မရှည်သံဖြင့်…

“တင်ဝင်းအောင်ရယ်၊ စိုးအောင်ရယ်၊ နှစ်ကောင်စလုံးရဲ့ စာတွေပေါ့ဟာ”

ပြာလွဲ့လွဲ့ မီးတောက်က မိုးသက်လေကြောင့် ဝှေ့ရမ်းလျက် ပန်းခြောက်ကလေး တစ်ခက်မှာ မီးထဲတွင် တကျွတ်ကျွတ် မြည်နေသည်။

“အင်း… စာကလေးတွေ၊ ပန်းကလေးတွေတော့ သေကုန်ပြီ၊ ညကျ နင့်ကို တစ္ဆေ လာခြောက်လိမ့်မယ် သိလား၊ စိုးအောင်ကြီးတော့ သနားပါတယ်ဟာ”

မီးတောက်က မညီ။ မိုးသက်လေကြောင့် စွဲလောင်ကျွမ်းပြီးစ စာအိတ်ကလေးတွေမှာ ညိုမည်းမည်း။ တစ်စွန်းတစ်စ မီးရဲရဲကလေးတွေ လက်နေသည်။ ညော်နံ့နှင့် မီးခိုးနံ့က တစ်ဆောင်လုံး ပျံ့တော့မည်။

လေကြောင့် စာရွက်တစ်ချို့ ရုပ်တိုက်ပြေးသွားတော့

မနည်းလိုက်ကောက်ရသေးသည်။

“ကိုကိုကတော့ နင့်ကို တကယ်ချစ်တာပဲနော်၊ သူ့စာတွေကော”

နှင်းထွေး မျက်လုံးကလေးတွေက ရယ်လျက် အညို့ဘက်သို့ လှည့်ကာ...

“ငါတို့ နေ့တိုင်း တွေ့နေတာပဲဟယ်၊ စာ ဘယ်ရေးဖြစ်မလဲ၊ ရေးဖြစ်တာလည်း ဘယ်မီးရှို့ပစ်ရက်မလဲဟာ။ ဒီမီးတောက်ထဲမှာ ငါ့အသည်းနှလုံး အပုပ်အသိုး အဆွေးအမြည့်တွေ အကုန်ပါသွားပြီ။ ဟိုသေနာလေးလည်း သူ့ကောင်မနဲ့သူ ပျော်နေမှာပဲ”

“အံမာ နင်က ကိုယ့်ဘက်ကိုလည်း ကြည့်စမ်းပါဦး”

အညိုက နှင်းထွေးကို မျက်စောင်းထိုးလိုက်သည်။

နှင်းထွေးကတော့...

“အေးပေ့ါလေ။ နင်ကတော့ ဒါမျိုးတွေ ဘယ်နားလည်တတ်ပ့ါမလဲ။ ဖိုင်နယ်ရီးယား (Final Year) ရောက်မှ ကံကောင်းထောက်မလို့”

“သေနာနော်”

အညိုက နှင်းထွေးကို ထုသည်။

စာအိတ်ကလေးတွေက မီးထဲမှာ တွန့်လိမ့်လျက်။ ရက်စက်သော သခင်မကို တဖျစ်ဖျစ်မြည်ပြီး ကျိန်ဆဲနေကြသည်။ ညှော်နံ့က ခပ်တိုးတိုး။

“မြန်မြန်လုပ်ဟာ ငါ ကြောက်လာပြီ”

“နင်ကလည်း အရေးထဲ သရဲ မရှိပါဘူးဟ...”

“နင့်အမေ သရဲကြောက်တာ မဟုတ်ဘူး။ ဝါဒင် တွေ့သွားမှာ စိုးတာ”

“တွေ့လည်း ဘာအရေးလဲ၊ နက်ဖြန်ဆို အဆောင်က သွားရတော့မှာ။

သူ့အဆောင်က ထုတ်ပစ်လို့ မရပါဘူး”

ချောင်းဟန့်သံကြောင့် လန့်ဖျပ်သွားကြသည်။ အလန့်တကြား လှည့်ကြည့်လိုက်တော့ ဟော… ကျူတာဆရာမ (အဆောင်နည်းပြ) က မျက်မှန်တဝင်းဝင်းနှင့် စောင့်ကြည့်နေသည်။ ဘယ်လောက်ကြာပြီလည်း မသိ။ အသံက ခပ်မာမာ။

“ဘာလုပ်နေကြတာလဲ”

“စာအုပ်တွေ မီးရှို့နေတာ”

နှင်းထွေးက ခပ်သွက်သွက် ဖြေသည်။

“အိုး… ညှော်နံလိုက်တာ၊ စာအုပ်ပဲ၊ ပြန်ရောင်းစားရင် မုန့်ဖိုးတောင် ရဦးမယ်”

ဆရာမက ရောင်စုံစာရွက်တွေကို သင်္ကာမကင်း ကြည့်နေသည်။ မိုးစက်တွေ ပက်လာသည်။ အပြင်ဘက်မှာ မိုးက တဝုန်းဝုန်း ရွာဆဲ။ မီးခိုးတွေကြောင့် ဆရာမ ချောင်းတဟွတ်ဟွတ် ဆိုးရှာသည်။ ကြာကြာမနေနိုင်။

“မြန်မြန်လုပ်ကြ၊ တော်ကြာ ဝါဒင် တွေ့ဦးမယ်”

“ဟုတ်ကဲ့ မမ၊ ပြီးခါနီး ပါပြီ”

မိုးရွာနေ၍ တော်သေးသည်။ နို့မို့ဆို အဆောင်ကို မီးနှင့် ရှို့သည်လို့ အပြောခံရလေမလား မသိ။ ဆရာမ ထွက်သွားမှ အပြီးသတ်ရှို့ကာ ရေနှင့် ငြိမ်းလိုက်ကြသည်။ ပြာစတွေ ရေမှာ စီးမျောသွားကြသည်။

“သွားတော့ အချစ်ရေ၊ ဘိုင့်ဘိုင်”

နှင်းထွေးက နောက်နေသည်။

အညိုက မနောက်နိုင်။

ပြာရေတွေကို စိတ်ပျက်လက်ပျက် ထိုင်ကြည့်နေမိသည်။ ဒီလောက် ဒုက္ခခံပြီး နှစ်အကြာကြီး ချစ်ခဲ့၊ ရေးခဲ့ကြသည့် စာရွက်တွေ။ အချစ်ဆိုတာ နောက်ဆုံးတော့ ပြာဖြစ်သွားတာပဲလား။ နှလုံးသွေးမင်နဲ့ ရေးထားတယ် ဆိုကြတာတွေ၊ ကိုမင်းမောင်လည်း သူ့ကို သည်လိုပဲ။ အို… မဟုတ်ဘူး။ မဟုတ်ဘူး။ တို့အချစ်က သည်လိုအချစ်မျိုး မဟုတ်။

အညို မျက်မှောင်ကြုတ်နေသည်။

အဆောင်အပြင်ဘက်မှာတော့ မိုးသဲ့တွေကြားကပင် တေးသံတွေ ဝေစီလျက်။

ကျောင်းသားတွေက ညအမှောင်ကို တေးသံနှင့်အပြိုင် ဖြိုခွင်းနေကြသည်။ မိုးစက်နှင့်အတူ ညကို တေးပန်းပွင့်များနှင့် ပစ်ပေါက်နေကြသည်။

နောက်ဆုံးညမို့ နှုတ်ဆက်နေကြသည့်အလား။ သီချင်းတိုင်းက အလွမ်းသီချင်းကို ကျူးရင့်လျက်။ နက်ဖြန် သန်ဘက်ခါဆိုသလို တစ်နယ်ဆီ၊ တစ်ရပ်ဆီ ပြန်ရတော့မည်။ မိုးစက်တွေအောက်မှာ အဆောင်က ငြိမ်တိတ်ပြီး လွမ်းမျက်ရည်တွေကို တိတ်တဆိတ် ခြွေချနေသည်နှယ်။

လှေကားထစ်တွေပေါ် လေးလေးမှန်မှန် တက်လာခဲ့ကြသည်။ နှင်းထွေး သီချင်းတစ်ပုဒ် ညည်းသည်။

“ဘယ်လောက်ဝေး… ဘယ်လောက်ဝေးလဲ စိတ်တွေက ချစ်သူထံ အမြဲကျန်နေတယ်”

***

(၃)

ညို့ရှေ့က သူငယ်ချင်းတွေ တစ်ယောက်ပြီး တစ်ယောက် အခန်းထဲ ဝင်သွားကြသည်။ ပြန်ထွက်လာတော့ တစ်ချို့လည်း မျက်ရည်စတွေနှင့် ခေါင်းခါပြသည်။ တချို့က ပြုံးပြလို့။ အားရပါးရ စကားတွေ ဖောင်လို့။

ဆယ့်နှစ်နာရီ ခွဲပြီးပြီ။ ရပ်နေတာ ကြာပြီး သွေးတောင့်လှပြီ။ ဝင်းလဲညိုအလှည့် မရောက်သေး။

အပြင်မှာ နေကျဲကျဲပူလျက်။ ကျောင်းနောက်ဘက် လမ်းများပေါ်တွင် သစ်ရွက်တွေ ဖြာလျက်။ လင်းလက်သည့် နေရောင်ကြောင့် မိုးစက်တွေကို ထွေးပွေ့ထားသည့် သစ်ရွက်တွေက စိမ်းမြတောက်ပနေသည်။ လေတစ်ချက်ဝှေ့လိုက်သည်နှင့် မိုးစက်များကို လမ်းပေါ်သို့ သွန်းကြဲဖြန့်ချလိုက်ပြန်သည်။ ကျောင်းလမ်းပေါ်မှ သွားသူပြန်သူတွေကို ရေစင်ဖြန်းပက်ပြီး နောက်ဆုံး နှုတ်ဆက်နေသည့်နှယ်။

နေရောင်ကျသည့် လမ်းပေါ်မှာ လူတစ်ယောက် လျှောက်လာနေသည်။ အရပ်ရှည်ရှည် ကလန့်ကလား အသားက ခပ်မည်းမည်း။ တခြားသူမဟုတ် စိုးအောင်။ သည့်နေ့မှ ဘာစိတ်ကူးပေါက်လာသည် မသိ။ တိုက်ပုံအကျႌ၊ ရခိုင်ပုဆိုးနှင့် သားနားနေသည်။ ခဏကြာတော့ စကြႍအတိုင်း ကျောင်းပေါ်လျှောက်လာသည်။

"ဟော့… ဝင်းလဲ့ညို"

ခုနှစ်သံချီနှင့် အဝေးက လှမ်းခေါ်သည်။

အညိုက မျက်မှောင်ကြုတ်ပြီး ပြန်ကြည့်သည်။ အနားရောက်လာတော့…

"နင့်မျက်နှာက ဘာဖြစ်နေတာလဲဟ၊ အဖျားတက်နေတဲ့ လူမမာအတိုင်းပဲ၊ ဒီမှာရပ်ပြီး ဘယ်သူ့ကို စောင့်နေတာလဲ"

“ဘာစောင့်နေရမှာလဲ၊ ဘိုင်ဘာ ဖြေမလို့ပေါ့”

စိုးအောင်အနားက ရေမွှေးနံ့စူးစူးကို ရသဖြင့် အညိုမျက်နှာ ပြုံးလာသည်။ ရွှေကိုယ်တော်က သည်နေ့မှ ခြယ်သလာလိုက်သည်မှာ ရေမွှေးတစ်ပုလင်းလုံး မှောက်လာလေသလား မသိ။ အနံ့ တထောင်းထောင်း ထနေသည်။ အညိုက နှာခေါင်းရှုံ့ပြသည်။

“ခပ်ဝေးဝေး သွားရပ်စမ်းပါဟယ်၊ ခေါင်းကို ကိုက်လာတာပဲ”

“အဟဲ”

စိုးအောင် မျက်နှာကလည်း ပြုံးဖြဲဖြဲ ဖြစ်လာသည်။ အရုက်ပြေး လက်ကို ဝှေ့ရမ်းပြီး..

“ဘိုင်ဘာ ဖြေတာများ အလွယ်လေးပါဟာ၊ ငါတောင် မနက်က ဖြေပြီးပြီ”

သံဗုဒ္ဓေါဂါထာကို စိတ်ထဲက တတွတ်တွတ် ရွတ်နေသော အညိုပင် ရွတ်လက်စကို မေ့သွားသည်။

“နင့်အတွက် အမိန့်စာပြန်ပြီးပြီ မဟုတ်လား၊ လွတ်လွတ်ကျွတ်ကျွတ် သွားပါတော့လား”

“အဟီး... အစွဲ မကျွတ်သေးလို့ပါဟာ”

“စွဲနေ၊ စွဲနေ အဲဒီ အစွဲနဲ့ပဲ နင်သေမှာ”

“ဒါနဲ့ ခင်နှင်းထွေးကို မတွေ့ဘူးလား”

“ဘယ်သိမလဲ၊ ငါက သူ့ကို ထိန်းနေတာမှ မဟုတ်ဘဲ”

“ဒီလိုတော့ မရက်စက်ပါနဲ့ဟာ၊ ငဲ့ညီမလေးကလည်း”

အညိုက မျက်စောင်းထိုးလိုက်သည်။

ခင်နှင်းထွေးက မနက်ကတည်းက ဖြေပြီးပြီ။ သူ့ ကိုကိုစောင့်ပြီး ခေါ်သွားလေပြီ။ ခုလောက်ဆို ရုပ်ရှင်ရုံထဲ ရောက်နေရော့မည်။ စိုးအောင် နောက်ကျသွားပြီ။ အညို့ရင်ထဲမှာ နောက်ချင်ပြောင်ချင်စိတ်တွေ ဖိတ်လျှံလို့ နေသည်။

"နှင်းထွေး အိမ်ပြန်သွားပြီ၊ မနက်ကတည်းက"

"မဟုတ်ပါဘူးလား"

"ဩော်.. ဟုတ်သမှ သူ့အမေကိုယ်တိုင် လေးဘီးငှားပြီး လာခေါ်တာ"

စိုးအောင် ခေတ္တငိုင်သွားသည်။

အညိုက လက်ထဲမှ စာတမ်းကို ပြန်ဖတ်နေသည်။ ပုံပြမျဉ်းတွေ လျှောက်ကြည့်နေသော်လည်း စိတ်ထဲက မမှတ်မိ။ ဘေးနားက ကျောင်းသူတစ်ယောက်ကတော့ စာတမ်းကို ဖတ်စာလုပ်ပြီး အသံထွက် ဖတ်နေသည်။

"နှင်းထွေးက နင့်ကို ဘာမှာသွားသလဲ"

"ဟင့်အင်း ဘာမှ မမှာပါဘူး"

"ဩော်... ဩော်"

ဘာဆက်ပြောရမည်မသိ။ ငြိမ်နေသည်။

အတန်ကြာမှ...

"သူက ကျောင်းပြီးရင် ဘာလုပ်မှာတဲ့လဲ"

"ဘယ်သူလဲ နှင်းထွေးလား၊ ကျောင်းပြီးရင် ယောကျ်ားယူမှာပေါ့ဟ၊ သူ့အမေ ပေးစားတဲ့လူကို ယူမှာတဲ့"

စိုးအောင် စိတ်ဆိုးသွားသည်။ လေသံမာမာနှင့်...

"အဲဒါ နှင့် အိုင်ဒီယာတွေ မဟုတ်လား"

"အို… ငါနဲ့ ဘာဆိုင်လို့လဲ"

ငြင်းခုန်နေလို့ကတော့ အကျိုးရှိပုံ မမြင်။

စာအုပ်မှာ မျက်နှာအုပ်လိုက်မှ စိုးအောင်က…

"ငါသွားမယ်ဟာ" ဆိုကာ ထွက်သွားသည်။

သည်လိုဆိုတော့လည်း သနားစရာ။

စကြော်တစ်လျှောက် လေးလေးကန်ကန် လျှောက်သွားရှာလေပြီ။ အတန်းထဲမှာတော့ စိုးအောင်က အပြောင်းအလှောင်ဆုံး။ ဘယ်သူကမှလည်း သူ့ကို အကောင်းမထင်။ နှင်းထွေး နောက်လိုက်နေသည်မှာလည်း လေးနှစ်လေးမိုး ရှိပြီ။ နှင်းထွေးမှာ ချစ်သူရှိမှန်း သိသိကြီးနှင့်ပင် အဆောင်ကို စာတိုစာရှည်တွေရေးပြီး နှင်းထွေး သွားလေရာ လိုက်ငေးနေတတ်သည်။ သူ့ကို ကြောင်သည် ပြောတော့လည်း မကြိုက်ချင်။

"ကြောင်တာ မဟုတ်ပါဘူး။ ချစ်တာ"

"သူ့ရည်းစားတွေ ဘယ်လောက် တွဲပါစေကွယ်"

"ကိုယ် သဘောထားကြီးပါတယ်။ နောက်ဆုံးတော့ ကိုယ့်ရင်ခွင်ပဲ"

အညိုနှင့် အေးအေးရီက စာအုပ်တွေနှင့် ဝိုင်းရိုက်ခဲ့ကြသည်။ ခုလောက် ညှိုးငယ်သည့် မျက်နှာကိုသာ နှင်းထွေးမြင်ရလျှင် ဘယ်လိုနေမည် မသိ။

စောစောက စာဖတ်နေသည့် မိန်းကလေးပင် အခန်းထဲဝင်သွားပြီ။

"ဘုရား… ဘုရား ကိုယ့်အလှည့် နီးလှပါပေါ့လား"

***

(၄)

“မိညိုရေ ရော့… စာ”

အေးအေးရီက အပေါ်ထပ်က ဆင်းလာပြီး စာကလေး တစ်စောင်ကို လက်ထဲ ကပျာကယာ ထိုးထည့်သွားသည်။ စောစောက မိန်းကလေး ဝင်သွားသည်မှာ ဆယ့်ငါးမိနစ်ရှိပြီ။ အညို့အလျည့် ရောက်တော့မည်။ ရင်က တထိတ်ထိတ်ဖြစ်ဆဲ။

စာရွက်ကလေးကြောင့် လက်ဖျားတွေ အေးစက်သွားသည်။ အသက်မှ မရှူမိ။ အမောတကော ဖွင့်ဖတ်လိုက်သည်။

ညိုလဲ့

## ညနေ ကိုယ့်ကို စောင့်နေပါ။

**မင်း**

လက်ရေးက ခပ်သော့သော့၊ ဧကန္တ ဘိုင်ဘာဖြေဖို့ စောင့်ရင်း ရေးလိုက်တာနေမှာပဲ။ သူနှင့် အညိုက မေဂျာမတူ။ ဖြေရမည့် အခန်းချင်းလည်း မတူ။ သူက အပေါ်ထပ်မှာ။

စာမေးပွဲမပြီးခင် မလာရလို့ ရာဇသံပေးထားကတည်းက ပေါ်တော်မူမလာ။ ရေးဖြေဖြေမည့် နေ့တွေကတော့ တစ်ဘာသာပြီးတိုင်း “ဖြေနိုင်လားဟင်” လို့ ရောက်ရောက်လာတတ်သည်။ ကင်တင်းမှာထိုင် စကားဝိုင်းဖွဲ့ပြီး အချိန်တွေ ကုန်သွားတတ်လွန်း၍ အညိုကိုယ်တိုင် တွေ့ချင်သည့် စိတ်တွေ ချုပ်တည်းကာ အားလုံးဖြေပြီးသည့် ညနေမှ လာတွေ့ရမည်လို့ ပြောထားရသည်။ နှစ်ယောက်သား ကျလို့က မဖြစ်။ အညိုအိမ်က ရည်းစားရှိသွားသည်ကို သွားတော့ စာမေးပွဲကျလျှင် ကျောင်းပြန်မထားတော့ဟု ခြိမ်းခြောက်ထားသည်။ သူတို့ကိုယ်တိုင်ကလည်း မကျလိုပါ။ မြန်မြန်ဘွဲ့ရ၊

အလုပ်ရမှ နီးရမှာ မဟုတ်လား။

စာကလေးကို ဖတ်လက်စ စာအုပ်ကြားထဲ ညှပ်လိုက်သည်။ နှစ်စက္ကန့်လောက်ကြာတော့ ပြန်ထုတ်ဖတ်လိုက်မိပြန်သည်။ စာရွက်ကလေးက နွေးနေသည်။ အညို့နှလုံးသားထဲမှာလည်း လှိုက်ဖိုနွေးထွေးလျက်။

နေခြည်ထဲက သစ်ရွက်ကလေးတွေပေါ်တွင် သူ့အရိပ်တွေ ထင်လျက်။

သူ့မျက်လုံးညိုညိုတွေကို သတိရသည်။

"ညိုလှဲ့" လို့ သူများနှင့်မတူဘဲ ခေါ်ခဲ့သည်။

ဒုတိယနှစ်ယောက်ကတည်းက သူ့အတန်းရှေ့မှာ တဝဲလည်လည် လာလုပ်တတ်ခဲ့သူ။ သည်တုန်းကတော့ ချစ်တယ်ဆိုတာ ဧရာမအပြစ်ကြီးတစ်ခုလို ယူဆနေသူ ညိုက ငြင်းခဲ့သည်။

"မုန်းလိုက်တာ" တဲ့။

နှုတ်ခမ်းစူ ခြေဆောင့်လို့ပင် ပြခဲ့မိသေး ထင်သည်။

ချစ်မိပြီ ဆိုတော့လည်း သူ့မျက်နှာသွယ်လေး ညှိုးမှာကို စိုးရိမ်မိလာသည်။

ရင်ထဲမှာ တဒိတ်ဒိတ်ခုန်ကာ လက်ဖျားတွေ အေးစက်လျက်။ သူ့ရှေ့မှာ ခြေမလှမ်းရဲသည့် ကြားကပင် ညိုကလည်း သူ့ကို အမြဲမြင်ချင်လာသည်။ ညအိပ်တော့လည်း သူ့အရိပ်တွေပဲ။ သူ့အတန်းလည်း မဟုတ်ပါဘဲနှင့် ညိုတို့အတန်းကို လိုက်တက်ခဲ့တာတွေ၊ နှင်းထွေးက သူတို့နှစ်ယောက်ကို နောက်ပြောင်းတိုင်း ရင်ထဲက တဒိတ်ဒိတ် ခုန်ခဲ့ရတာ တွေ…။

ချစ်သူဖြစ်လာတော့လည်း သူ့မျက်နှာ သူ့လှုပ်ရှားပုံကလေးတွေပဲ စူးစိုက်လို့ ကြည့်နေမိတတ်သည်။

သူဟာ ကိုယ့်အရိပ်ကလေးပါပဲ။

ညို့အပေါ်မှာ အညှာတာတွေ၊ အကြင်နာတွေဖြင့် အရုပကလေး သက်ဝင်လှုပ်ရှားလာခဲ့သည်။

ဘာကြောင့်များ သည်လောက်တောင် ချစ်ခဲ့မိကြပါလိမ့်။

ကင်တင်းတွေမှာ ထိုင်လောက်အောင် ပိုက်ဆံမရှိကြတော့သည့် နေ့ကလေးတွေကို သတိရသည်။ ညို့ရော သူပါ ပိုက်ဆံပြတ်သွားပြီဆိုလျှင် ပြောင်းဖူးကလေး တစ်ဖူးဖြစ်ဖြစ်၊ မာလကာသီးလေး တစ်လုံးဖြစ်ဖြစ် ဝယ်ပြီး အပန်းဖြေရိပ်သာဘေးက ကျောက်ခုံကလေးတွေပေါ်မှာ သွားထိုင်နေခဲ့သည်။

"ချစ် မာလကာသီး စားပါဦး"

ဆိုပြီး တစ်ယောက်တစ်ကိုက်စီ ကိုက်ခဲ့ကြတာတွေ…။

"ချစ် ပြောင်းဖူးလေး စားပါဦး"

ဆိုပြီး သူက ပြောင်းဖူးစေ့လေးတွေ ခြွေပြီး သူ့လက်ထဲ ထည့်ပေးတတ်တာတွေ…

ညို့က အမှတ်တမဲ့ ပြုံးလိုက်မိသည်။

"ခုံနံပါတ် ၃၈၀ ဝင်းလဲ့ညို၊ ဝင်းလဲ့ညို"

အညို လန့်ဖျပ်သွားသည်။

"ဘုရားရေ… တကယ့်ကို ဖြေရတော့မှာပါလား"

***

## (၅)

အခန်းထဲက ထွက်လာတော့ လွတ်ပြီ ကျွတ်ပြီ မအော်မိရုံတမယ်။

လှေကားထစ်တွေကို ခုန်ပေါက်ဆင်းလာခဲ့သည်။ သူ့စာတမ်းမှာက လက်နှိပ်စက်ရိုက်တဲ့ အမှားကလွဲလို့ အမှားသိပ်မရှိ။ မေးသမျှလည်း ဖြေနိုင်ခဲ့ပြီးပြီ။

အထဲဝင်စကတော့ ခြေဖျားလက်ဖျားတွေ အေးလိုက် တစ်ကိုယ်လုံးလည်း ကတုန်ကယင်နှင့် မေးခွန်းထုတ်မည့် ဆရာ ဆရာမတွေကိုပင် မကြည့်ရဲခဲ့။ တဖြည်းဖြည်းနှင့် မေးလိုက်ဖြေလိုက်လုပ်ရင်း ကိုယ့်ကိုယ်ကို ရဲတင်းယုံကြည်လာခဲ့သည်။ တစ်ဇကေ သီးထွက်နှုန်းတွေ၊ မြေလွတ်မြေရိုင်း ဖော်ထုတ်မှုတွေ၊ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး သုံးစွဲမှု ကိန်းဂဏန်းတွေ ကြက်တူရွေးလို ရွတ်ပြနိုင်ခဲ့သည်။

“မိညိုကိုတော့ ဖြေပြီးပြီ၊ ကိုယ့်ရဲ့ မစ္စတာမင်းမောင်ကတော့ ဖြေနိုင်ပါလေမလားလို့”

အညိုက တွေးရင်း လှေကားရင်းမှာ စာအုပ်ကြားထဲက စာကလေးကို တစ်ခါပြန် ထုတ်ဖတ်လိုက်ပြန်သည်။

***

## (၆)

အဆောင်ဝင်းထဲမှာ ကားတွေ စီတန်းနေကြသည်။ တချို့လည်း ပြန်ကြပြီ။ ပစ္စည်းသယ်ယူ နှုတ်ဆက်သူတွေနှင့် ဧည့်ခန်းထဲမှာ ဆူညံရှုပ်ထွေးလျက်။ ဝင်းလဲ့ညိုက သူ့အခန်းနီးချင်း သူငယ်ချင်းတွေ၏ သေတ္တာတွေ ကူသယ်ပေးပြီး အော်ဟစ် နှုတ်ဆက်နေသည်။ အတန်ကြာမှ အပေါ်ပြန်တက်လာခဲ့သည်။

ကော်ရစ်တာ တစ်ခုလုံး အခန်းတွေမှာ တချို့လည်း ပွင့်လျက် ဟာလာဟင်းလင်း၊ တချို့လည်း သော့ပိတ်လျက် ငြိမ်သက်နေသည်။ ပြန်သူပြန်ကြ၊ မြို့ထဲသွားသူ သွားကြပြီ။ အညို သူ့ဖိနပ်သံ သူပြန်ကြားနေသည်။

“သြော်… ငါလည်း သွားရတော့မှာပါလား”

အညို အခန်းထဲမှာ ပစ္စည်းတွေ ရှုပ်ပွလျက် စာအုပ်တွေ၊ အကျႌတွေ၊ တန်းပေါ်က လုံချည်တွေ အားလုံးသိမ်းရမည်။ အမေက ကျောင်းပိတ်ပိတ်ချင်း ပြန်လာလို့ စာရေးမှာလိုက်သည်။ အမေက သူများနှင့်မတူ။ သူ့သမီးမှာ ချစ်သူရှိတယ် ကြားကတည်းက နည်းနည်းမှ စိတ်မချ။ တစ်ရက်လောက် နောက်ကျရင် တစ်ပတ်လောက် ဆူဦးပူဦးမည်။ အမျိုးမျိုး အထင်လွဲဦးမည်။

အညိုကျ သူ့ပစ္စည်းတွေ သူကြည့်ပြီး စိတ်မောနေသည်။ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

ညနေဆို သူရောက်လာဦးမည်။ မင်းမောင်က စလင်းသား၊ အညိုက ဘိုကလေးသူ၊ နေရာက တောင်နှင့်မြောက်။ တကူးတက မလာဘဲ တစ်ယောက်နှင့်တစ်ယောက် ဆုံကြဖို့မလွယ်။

ခင်နှင်းထွေး ပြန်ရောက်လာသည်။ လက်ထဲက လက်ကိုင်အိတ်ကို အညို့ ကုတင်ပေါ် ပစ်တင်လိုက်သည်။

“ဟင်… နှင်းထွေး၊ နင် ပြန်လာတာ စောလှချည့်လား”

“အေး… ငါလည်း ပစ္စည်းသိမ်းရမှာမို့ ပြန်လာတာ”

သူ့မျက်နှာက မကြည်မလင်။

“ကိုကိုက နင့်ကို မန္တလေးထိ လိုက်ပို့မှာဆို”

နှင်းထွေးက လားရှိုးအထိ ပြန်ရမည်။ အရင်က မနက်ဖြန်ညမှ ပြန်မှာလို့ ပြောပြီး ခုမှ ဘာများ အလောသုံးဆယ် ဖြစ်လာပါလိမ့်။ အညိုက သူ့ကို နားမလည်။ နှင်းထွေးဆို ဘယ်လောက် အဆင်ပြေသလဲ။ သူ့ကိုကိုကပင် လိုက်ပို့ဦးမည်။ ဒါပေမယ့် နှင်းထွေးလေသံက ခပ်ထန်ထန်။

“နင်မသိပါဘူး။ လိုက်ပို့လို့လည်း မဖြစ်ပါဘူး”

နှင်းထွေးက ပြောပြောဆိုဆို ကုတင်ပေါ်မှာ မှောက်ကာ ရှိုက်ငိုနေသည်။ မျက်ရည်စတွေက ခေါင်းအုံးကို ရွဲစိုသွားစေသည်။ ဆံပင်တွေ ဖွာရာကျဲလျက် အူလိုက်သည်းလိုက် ရှိုက်ရင်း…

“သူက ငါ့ကို ချက်ချင်း လက်ထပ်ပါတဲ့ဟာ။ ငါ ဘယ်လိုလုပ်ရမလဲ မိညို၊ ငါ သူ့ကို မထားခဲ့ချင်ဘူး။ ငါ ကိုကို့ကို ချစ်တယ်”

“တိတ်ပါဟာ မငိုပါနဲ့။ နင် စဉ်းစားဦးပေါ့”

“စဉ်းစားလို့ မရဘူး မညို၊ ခု အောက်မှာ စောင့်နေတယ်။ ခုကို လိုက်ခဲ့ရမတဲ့”

“ဘုရားရေ…”

“ငါ သေချင်တယ် မိညို၊ ငါ ဘာလုပ်ရမှာလဲ၊ လိုက်သွားရမှာလား”

နှင်းထွေးက မျက်ရည်တွေတွေ စီးကျကာ နံရံဘက် ငေးစိုက်ကြည့်နေသည်။ အညိုက ခေါင်းကုပ်သည် ဘာပြောရမည် မသိ။ နှင်းထွေးက ဆို့နင့်သော အသံဖြင့်…

“တင်ဝင်းအောင်နဲ့တုန်းကလည်း ဒီလိုနဲ့ ကွဲခဲ့ရပြီးပြီ။ ငါ ဘာလုပ်ရမှာလဲ မိညိုရယ်”

တစ်နေ့က နှင်းထွေးအဒေါ် လိုက်လာသည်။ နှင်းထွေးအမေ ဆေးရုံတင်ထားရကြောင်း လာပြောပြီး ကျောင်းပိတ်ပိတ်ချင်း လာခေါ်မည်လို့ မှာသွားသည်။ သူ့အဒေါ် လာခေါ်ရင် မခက်ပါလား။ အကြံမပေးတတ်။ နှင်းထွေးမှာ အဖေမရှိ။ သူ့အမေမှာလည်း စိတ်သောကကြောင့် ခဏခဏ ဆေးရုံတက်နေရသည်။ သူ့အဖေ ဆုံးပြီးကတည်းက အထီးကျန်အားငယ်ကာ စိတ်ကယောက်ကယက် ဖြစ်နေခဲ့သည်။

ပြီးတော့ အညိုကလည်း ကိုယ့်အပူနှင့်ကိုယ်။

သူငယ်ချင်း နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ငိုင်ကြည့်နေခဲ့သည်။

နှင်းထွေးက ဖြုန်းဖြုန်းဒိုင်းဒိုင်း ထလာပြန်သည်။ ဆံပင်တွေကို သပ်တင်လိုက်သည်။ သက်ပြင်းတစ်ချက် ဂျူးခနဲ ချလိုက်သည်။

“လိုက်လို့မဖြစ်ဘူး မိညို၊ ငါ လိုက်သွားရင် အမေ သေမှာပဲ”

သူက မျက်ရည်စတွေသုတ်ကာ ပေါင်ဒါဖို့နေသည်။ အဆက်မပြတ် စီးကျလာသည့် မျက်ရည်တွေကို ပေါင်ဒါက မဖို့နိုင်။ အညို ပစ္စည်းသိမ်းနေသည်ကို ကြည့်ပြီး…

“နင်က ဘယ်တော့ ပြန်မှာလဲ မိညို”

စိတ်မပါ လက်မပါ မေးလိုက်သည်။ အဖြေကိုလည်း နားမထောင်။ ရေတစ်ခွက်သောက်ရင်း…

“ငါ ဒီနေ့ကြည့်ခဲ့တဲ့ ကားကလည်း နိမိတ်မကောင်းဘူးဟာ၊ မင်းသမီးသေတဲ့ ကားကြီး၊ ငါ့စိတ်တွေ သိပ်လေးတာပဲ။ နောင်ဆို ငါတို့ တွေ့ကြမယ် ငါမထင်ဘူး”

နှင်းထွေးက နှုတ်ခမ်းကိုကိုက်ကာ တွေနေသည်။ အညိုက သူ့စာကလေးတွေ ဘယ်မှာသိမ်းရပါ့မလဲ စဉ်းစားနေသည်။ နှင်းထွေးက အညိုပခုံးကို ဖျတ်ခနဲ ပုတ်လိုက်ပြီး

“ငါ သွားပြောလိုက်ဦးမယ် မိညို။ နင် ထမင်းမစားနှင့်နဲ့ဦး၊ ဒါ နောက်ဆုံးပဲ သူငယ်ချင်း။ ငါတို့အဖို့ နောက်ဆုံး နှုတ်ဆက်ခြင်းပဲ မတတ်နိုင်ဘူး၊ အမေမရှိရင် အမေအစား မရနိုင်ဘူး”

သူက ပြောပြောဆိုဆို ဆင်းသွားသည်။

အညိုက မလျှော်ရသေးသည့် အဝတ်ဟောင်းတွေ သေတ္တာထဲ

ထိုးထည့်နေသည်။ တစ်ဖက်ခန်းက အေးအေးရီက အညိုအခန်းသို့ ကူးလာသည်။ အညိုဘေးမှာ ဝင်ထိုင်ရင်း...

"မိညို ဘာလုပ်ပေးရမလဲ သူငယ်ချင်း"

"ဟာ... အားနာစရာကြီး၊ မြင်တဲ့အတိုင်းပဲ သူငယ်ချင်း၊ ဘာမှ မသိမ်းရသေးဘူး၊ အမြင်မတော်တာ မှန်သမျှ ခြင်းထဲ၊ သေတ္တာထဲ ကူသာ ထည့်ပေတော့"

အေးအေးရီက နံရံမှ ပြက္ခဒိန်နှင့် အရုပ်ကလေးတွေ ဘုရားပုံ ပန်းချီကားတွေ ဖြုတ်သိမ်းပေးနေသည်။ လုပ်ရင်းကိုင်ရင်း...

"တို့ ဘိုင်ဘာ မဖြေနိုင်ဘူးဟယ်၊ ကျမလား မသိဘူး"

"မကျပါဘူး ရီလေးရ"

"ဟုတ်တယ် မိညို၊ တို့တော့ ရေးဖြေလည်း ဖြေနိုင်တာ မဟုတ်ဘူး၊ ကျမှာပါ၊ ဆရာတွေကလည်း ရက်စက်လိုက်တာ မေးခွန်းမှန်သမျှ လှည့်ပတ်ထားတာပဲ"

အေးအေးရီက စိတ်ပျက်လက်ပျက် ညည်းနေသည်။ သူက ပိန်မိန်၊ အသားညိုညို၊ စာတော်ပေမယ့် မျက်နှာက အမြဲ ညှိုးရော်ပြီး စိတ်အားငယ်တတ်သူ။

"တို့အားလုံး အောင်မှာပါ ရီလေးရာ၊ ရီလေးက ကွာလီဖိုင်း မဖြစ်မှာ စိုးလို့လား"

"မဟုတ်တာ၊ ကွာလီဖိုင်းဖြစ်လည်း ဆက်မတက်နိုင်ဘူး အညိုရာ၊ တို့မှာက မွေးချင်းခြောက်ယောက် ရှိတာ၊ တို့က အကြီးဆုံး၊ ကျောင်းပြီးရင် အိမ်ကို တစ်လှည့် ကူရဦးမယ်လေ"

အေးအေးရီအဖေက ရုံးအုပ်ဘဂက ပင်စင်ယူလိုက်ပြီး အမေက ဈေးထဲမှာ ကုန်ခြောက်ရောင်းသည်။ သားသမီးများတော့ စီးပွားရေးက

ခြောက်တိခြောက်ချက်သာ။ အေးအေးရီကို စတိုင်ပင် အားကိုးနှင့် တက္ကသိုလ် ပို့လိုက်ကြသည်။ စတိုင်ပင်က ခုနှစ်ဆယ့်ငါးကျပ်၊ ကျောင်းလခမပါ အဆောင်ကြေးပင် တစ်ရာ့နှစ်ဆယ် သွင်းရသည်ဆိုတော့ လတိုင်း အေးအေးရီ ငိုရသည်။ ကြော်ငြာသင်ပုန်းမှာ အဆောင်ကြေး မသွင်းနိုင်သူတွေ ထမင်းဖြတ်ခံရမယ်လို့ ကြော်ငြာတော့ အေးရီနာမည်က ထိပ်ဆုံးက။ ခုတော့ ဒုက္ခတွေက လွတ်ပြီ။

"ကျောင်းပြီးရင် ရီလေး ဘာလုပ်မယ် စိတ်ကူးလဲ"

"အမေ့ဆိုင်မှာ ကူရောင်းရမှာပေါ့ ညီုရာ၊ ရုံးအလုပ်က လောလောဆယ် ရမှာမှ မဟုတ်တာ အညိုရာ"

အညိုရောတဲ့။ အညိုက အေးအေးရီကို စိုက်ကြည့်နေသည်။

"ရီလေးကမှ အလုပ်ရှိသေးတယ်။ ညိုက ဘာမှလည်း မလုပ်တတ်ဘူး။ အိမ်မှာ အလုပမရမချင်း ကပ်စားနေရမှာပဲ"

"ဒါတော့ တတ်နိုင်တာကိုး မိညိုရ"

အေးအေးရီ စကားကြောင့် အညို ပြုံးမိသည်။ အညိုအဖေက မြို့နယ်တာဝန်ခံ အရာရှိတစ်ဦး ဖြစ်ပေမယ့် ဝင်ငွေက အညိုတို့ မောင်နှမလေးယောက် ကျောင်းစရိတ်ပင် အနိုင်နိုင်။ အပိုအကြွံအဖန်လည်း မရှာတတ်။ ရိုးရိုးအေးအေး ကုပ်ကုပ်မို့ သူတို့တစ်တွေမှာ မပြည့်စုံမှု၏ ဒဏ်ကို ငယ်ငယ်ကတည်းက စလို့ ခံစားခဲ့ရသည်။ ပြီးတော့ သူ့အလုပ်ကလည်း ကိုယ့်သားသမီးကိုယ် အလုပ်ထဲ ဆွဲသွင်းလို့ရသည့် အလုပ်မျိုး မဟုတ်။

"အေးလေ ပြောသာနေတာပါ၊ တို့တစ်တွေ ဘွဲ့ကလေးနဲ့ အလုပ်ကလည်း ဘယ်လောက်စောင့်ရမယ် မပြောတတ်ဘူး"

အညို သူ့ကို ပြောရင်း မင်းမောင်ကို သတိရလာပြန်သည်။ သူက

ကျောင်းပြီးရင် သူ့ဦးလေးဆေးဆိုင်မှာ ကူရောင်းပေးရမယ်လို့ ပြောခဲ့ဖူးသည်။ အညိုက သည်အလုပ်ထဲမှာ နစ်သွားပြီး သူနှင့် တဖြည်းဖြည်း ဝေးသွားရမှာကို စိုးရိမ်မိသည်။ သို့သော် သူတို့နှစ်ယောက်လုံးမှာ မိသားစုတာဝန်ကလည်း ရှိသေးသည်မို့ စားဝတ်နေရေးအတွက် တစ်ခုခု လုပ်ရင်း ရုန်းကန်ကြရလိမ့်ဦးမည်။ လောလောဆယ် ကိုယ်လွတ်ရုန်းထွက်ကြလို့တော့ မဖြစ်သေး။

သည်လိုတွေးမိတော့ အညို သူ့ကို မတွေ့ချင်တော့။ ခွဲကြရမည့် အတူတူ နှောင်ကြိုးရစ်ပတ် မနေချင်တော့ဘူး။ ဘယ်တော့မှ တွေ့ကြမယ်။ ဘယ်လိုဆုံစည်းကြမယ်ဆိုတာ တွေးပင် တွေးဝံ့စရာ မရှိ။ မျှော်လင့်စရာ ဝေးလျက်။

သည်လိုဖြင့် နှင်းထွေးလိုသာ နောက်ဆုံးလို့ နှုတ်ဆက်လိုက်ချင်မိတော့သည်။ တွေးရင်း အညိုပါးပြင်ပေါ်သို့ မျက်ရည်စတို့ အလိုလို စီးကျလာသည်။ ရင်မှာ တင်းကျပ်ကာ ခေါင်းထဲက တဆစ်ဆစ် ကိုက်ခဲလာသည်။ အသက်ပင် ရှူမဝ။

အေးအေးရီက အညိုပခုံးကို ဖက်ကာ…

“မငိုပါနဲ့ အညိုရယ်၊ ငါတို့ အားတင်းထားရမှာပေါ့၊ လူတိုင်း ကိုယ့်လမ်း ကိုယ်လျှောက်ကြရမှာပဲဟာ”

အသံမထွက်ပေမယ့် မျက်ရည်စတို့က စီးကျလာဆဲပင်။ ရင်ထဲမှာ ထိုးအောင့်လျက်။ အခံရခက်လောက်အောင် နာကျင်စူးရှလာသည်။ ဘဝကို မှန်းဆ၍ မရ။ မျှော်လင့်ချက်တွေ ပိန်းပိတ်မည်းမှောင်လျက် အလိုလို အားငယ်နေသည်။

“မိညိုကလည်း ခွဲရကာနီးမှာ ရယ်ရယ်မောမော နေစမ်းပါ၊ ဘာလဲ တို့ပြောလိုက်တာနဲ့ စိတ်ညစ်သွားတာလား”

အညိုက မျက်ရည်စတွေကို သုတ်လိုက်သည်။ ကြည့်စမ်း အေးအေးရီ ဘဝဆို ဘယ်လောက်ကောင်းသလဲ၊ သူ့မှာက ကိုယ့်မိဘမွေးချင်းအတွက်သာ ပူပင်စရာ ရှိသည်။

ထမင်းစားခန်းဆီက ဇွန်းသံ၊ ပန်းကန်သံ ကြားနေရပြီ။ အေးအေးရီက အညိုဘေးမှ ထလိုက်သည်။

"လာ... မိညို။ ထမင်းသွားစားကြစို့၊ ဒီည စပါယ်ရှယ် ဒင်နာတဲ့ ဒံပေါက်ကျွေးမှာ"

အညိုက ခေါင်းရမ်းသည်။ ရင်ထဲမှာ မဆာ၊ သောကဝေဒနာတွေသာ ပြည့်သိပ်လျှက်။ နှလုံးသားထဲက တဆစ်ဆစ် ကိုက်ခဲနာကျင်လျှက်။

အေးအေးရီက နောက်ဆုံး သိမ်းစရာကျန်သည့် ခန်းဆီးစကို ဆွဲဖြုတ်လိုက်သည်။

"ကဲ... ကန့်လန့်ကာ ဖွင့်လိုက်ပြီ မင်းသမီးရေ၊ မိညို မဆာလည်း နေခဲ့။ တို့တော့ သိပ်ဆာနေပြီ။ အောင့်ထားလို့ မရတော့ဘူး"

အညိုဆီ ခန်းဆီးစပစ်ပေးပြီး ထွက်သွားသည်။ ပြီးတော့ ချက်ချင်း လှေကားက ပြန်ပြေးတက်လာသည်။ အခန်းတံခါးမှန်ကို လက်နှင့်ခေါက်ပြီး...

"မိညိုရေ၊ ကိုကိုမောင် အောက်မှာ စောင့်နေတယ်"

နောက်ပြောင် ပြောသွားသည်။

သူ လာပြီ။

အညိုရင်မှာ ထိတ်လန့်သွားသည်။

တစ်ကိုယ်လုံး အေးစက်သွားသည်။

နှလုံးသွေးတွေ ခဲသွားမတတ်။

ညို သူ့ကို ဘယ်လိုတွေ့ရပ့ါမလဲ။

ခွဲခွာနှုတ်ဆက်စကားတွေလည်း မပြောရက်။

မရေရာတဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေ မပေးရက်။

ပြီးတော့ ညိုးရော်နေမယ့် သူ့မျက်နှာကိုလည်း မကြည့်ရက်။

စားပွဲပေါ်မှာ ခေါင်းမှောက်ပြီး ငြိမ်နေမိသည်။ လေကြောင့် ပြတင်းပေါက်ကလေးက တကျွီကျွီ မြည်နေသည်။ အလွမ်းတေးကို သိနေသည့်နှယ်။

သူနှင့် တွေ့ရမှာကို ဘိုင်ဘာဖြေရမှာထက်ပင် ကြောက်ရွံ့လို့ နေပြန်သည်။ ဆပ်ပြာဖူဖောင်း ကလေးထဲမှာ တဒင်္ဂသာ တည်လိုက်သည့် ရောင်စုံအလင်း ကြည်ကြည်ကလေးတွေလိုပဲ ပျော်ခဲ့ချစ်ခဲ့သမျှတွေ။

တစ်နေ့ခင်းလုံး ပစ္စည်းတွေ သိမ်းရင်းကပင် သူရောက်လာမည့် ညနေအတွက် စိတ်စောနေခဲ့သမျှ ခုတော့ ခြေတွေလက်တွေ မသယ်ချင်တော့။ လေးကန်ဖင့်တွဲ့နေသည်။

ဆင်းမတွေ့ရင်လည်း သူ့ရင်မှာ သံသယတွေ ပွားဦးမည်။ အမုန်းသံသယတွေနှင့် အညို မခွဲချင်ပါ။ သူ့ရင်ခွင်မှာလည်း မျက်ရည်စတွေနဲ့ မစွတ်စိုချင်။ အပြုံးနှင့် ဟန်မပျက် နှုတ်ဆက်ရအောင်ကလည်း ညို ဟန်ဆောင်ကောင်းသူ မဟုတ်ခဲ့။ ညို ဘာလုပ်ရမလဲ။

ဘဝတစ်ခုလုံးအတွက် အားမန်သတ္တိမွေးဖို့ မပြောနှင့်။ ခုတစ်ခဏအတွက်တောင်မှ သတ္တိတွေ၊ အားတွေ ဘယ်ရောက်ကုန်ပြီလည်း မသိ။ အရင်က ဖျတ်လတ်သွက်လက်သည့် မိညို။ လှေကားထိပ်မှာ ရပ်လျက် ကျောက်ရုပ်တစ်ရုပ်လို တွေတွေကြီး ငြိမ်သက်နေမိသည်။

အညို့မျက်ဝန်းထဲတွင် ညနေသည် မှုန်ရီဝေဝါးလို့ နေသည်။ မိုးသားပြာပြာပင် ညို့ညို့မှောင်လျက်။ သစ်ပင်ထိပ်ဖျားက ကံ့ကော်ရွက်တို့သာ အားတက်စဖွယ် နီရဲလျက် ရွက်ညွန့်တို့ တလူလူ ဝေနေကြသည်။

အညို အံကြိတ်လိုက်သည်။

သည်လှေကားရင်းမှာ သူ ရှိနေမှာပဲ။

အညို ဆင်းအလာကို တမျှော်မျှော် ငံ့လင့်လို့နေမှာပဲ။

လှေကားက တစ်ဆစ်ချိုးကွေ့သွား၍ မမြင်ရသော်လည်း အညို အလိုလို သိနေသည်။

လှေကားထစ်တွေက ခါတိုင်းထက်ပင် ရှည်လျားနေသယောင်ယောင်။

ရီဝေနေသည့် မျက်လုံးအစုံကို မှိတ်လိုက်သည်။ မျက်ရည်စတွေကို သိမ်းဆည်းဖို့ မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်သည်။ ပါးပေါ်ဖြာကျနေသည့် ဆံပင်တွေကို ပင့်တင်လိုက်သည်။ ပြီးတော့ အညို ပြုံးသည်။

တကယ်ဆိုတော့ ဒီလိုအချိန်မှာ တစ်ယောက်ကိုတစ်ယောက် အားပေးကြမှာ မဟုတ်ပါလား။ ကြင်ကြင်နာနာ စကားဆိုကြရမှာ မဟုတ်ပါလား။

"အလိုလေး... မိညိုလည်း ညည်းသာ တော်တော် အသည်းငယ်ပါလားဟင်"

သူ့ကိုယ်သူ အပြစ်တင်လိုက်သည်။

မျက်လုံးတွေ ကြည်လင်တောက်ပလျက်။ လှေကားထစ်တွေပေါ်ကနေ ပေါ့ပါးသွက်လက်စွာ ဆင်းသွားသည်။

ညနေခင်း၏ အလှဆုံး တိမ်လိပ်တို့သည် တိတ်ဆိတ်ငြိမ်သက်စွာ အဆောင်ခေါင်မိုးပေါ်က ရွေ့လျားထွက်ခွာသွားကြသည်။ ထမင်းစားခန်း ပိတ်ချိန် ခေါင်းလောင်းသံမှာ တလွင်လွင် တညံ့ညံ့ အဆက်မပြတ် မြည်ဟည်းလျက်...။

**၁၉၈၈ ခုနှစ်၊ ဧပြီလ၊ ဒဂုန်မဂ္ဂဇင်း**

***



# တောပင့်ကူများ

ခြေသလုံးပေါ်သို့ တရွရွ တက်လာကြသည်။

ခြေထောက်တွေကို အတင်းလှုပ်ခါချသည်။ မရ။

ခြေသလုံးမှသည် ဒူးဆစ်ဆီ တစမ်းစမ်း လျှောက်လာကြပြီ။

ဧရာမ တောပင့်ကူကြီးတွေ။

"အလို… ဘုရား… ဘုရား"

ချောက်ချားထိတ်လန့်စွာ ထချောက်ထုတ်ပစ်သည်။

"တောပင့်ကူတွေ… တောပင့်ကူတွေ"

ကျွန်မ အိပ်ယာဘေးမှာ ဝိုင်းရံလာကြပြီ။

ဧရာမ ခြေတွေလက်တွေ၊ ကြောက်စရာ အမွေးဖွားတွေ၊ မျက်လုံးတွေ၊ အစေးမျှင်တန်းတွေ…။

ကျွန်မ ကိုယ်ပေါ်သို့ ခုန်၍ ခုန်၍ တက်ကြသည်။

တချို့က အမိုးပေါ်မှသည် ပင့်ကူမျှင်တန်း၍ ဒန်းစီးခိုလွဲကာ ခုန်ချလာကြပြီ။ ကျွန်မ လည်ပင်းပေါ်၊ မျက်နှာပေါ် တရွရွ လျှောက်သွားကုန်ကြပြီ။

"အမယ်လေ… ကယ်တော်မူပါ၊ တောပင့်ကူတွေ တောပင့်ကူတွေ ကျွန်မကို သတ်နေကြပြီ"

ချွေးစေးပြန်လျက် ငယ်သံပါအောင် အော်ဟစ်ဖို့ ကြိုးစားသည်။ လက်နှင့် ပုတ်ထုတ်ပစ်ဖို့၊ ခြေနှင့် ကန်ကျောက်ပစ်ဖို့ ကြိုးစားသည်။ မရ။

အလို၊ ဘုရား… ဘုရား။ ကုဋေကုဋာ သန်းပေါင်းများစွာ တရွရွ တလှုပ်လှုပ် တိုးပွားလာကြပြီ။ ကျွန်မကို ပင့်ကူအိမ်တွေဖြင့် မရုန်းနိုင်အောင်

ချည်နှောင်တော့မည်။ ထို့နောက် ထိုးဖောက်စားကြတော့မည်။

အစွယ်တွေ စေးထန်းထန်း ခြေတွေလက်တွေနှင့် စမ်းသပ်ရင်း ကျွန်မကိုယ်ပေါ် တရွရွ လျှောက်သွားနေကြသည်။

"အလို... ဘုရား... ဘုရား၊ ကယ်တော်မူကြပါ"

အသံတွေက လည်ချောင်းထဲမှာတင် တစ်ဆို့ကုန်ပြီ။

ငိုချင်သည်။ အော်ချင်သည်။ ပင့်ကူတွေ ဝိုင်းအုံနေသော ဆံပင်တွေ အဝတ်တွေကို ဆုတ်ဖြဲကုတ်ခြစ်ကာ အရူးတစ်ယောက်လို ထွက်ပြေးချင်လိုက်ကြပြီ။ အစေးမျှင်တွေက ကျွန်မတစ်ကိုယ်လုံး တွယ်ကပ်ကုန်ပြီ။ အဆိပ်တွေ သွန်ချဖို့ ဈာမ အစွယ်တွေကို ထုတ်ကာ ပြူးကြောင်ကြောင် မျက်လုံးကြီးများဖြင့် စူးစမ်းနေကြပြီ။

လှုပ်မရနိုင်အောင် အကြောတွေ တုန့်ဆိုင်းကုန်ပြီ။

ခုန်နေသော နှလုံးသွေးတို့ ရပ်တန့်သွားသည်။

ကြောက်အားကြီးလွန်း၍ ကြက်သေသေသွားသည်။

လှုပ်ရှားရုန်းကန်နိုင်စွမ်း မရှိတော့သော ကျွန်မအား ပင့်ကူမျှင်များဖြင့် အထပ်ထပ် ရစ်ပတ်ကြလေသည်။ ရုတ်တရက် တောပင့်ကူ တစ်ကောင်က ကျွန်မမျက်လုံးအိမ်ကို ထိုးဖောက်လိုက်သည်။ မျက်ခွံများက အလိုလို ဖုံးပိတ်သွားသဖြင့် မထိ။ သို့သော် တောပင့်ကူ အစွယ်ဒဏ်ကြောင့် မျက်ခွံတစ်ခုလုံး ယောင်ကိုင်းကာ နာကျင်လွန်းသဖြင့် သံကုန်ခြစ် အော်ဟစ်လိုက်မိသည်။

"ကယ်တော်မူပါ... ကယ်တော်မူပါ၊ ဆရာအရှင်၊ အို... ယောဂီတို့"

တောပင့်ကူများ၏ ကိုက်ခဲခြင်း ခံနေရပါပြီ။ တစ်ကိုယ်လုံး တဆစ်ဆစ် နာကျင်နေပါပြီ။ တောပင့်ကူ အဆိပ်တွေလည်း ပျံ့နှံ့ခဲ့ပါပြီ။ ယားယံပူလောင် နာကျင်သော ဝေဒနာနှင့်အတူ အသက်ရှူ တဖြည်းဖြည်း ကျပ်လာသည်။

မျက်ရည်တွေသာ တလိမ့်လိမ့် စီးကျလာသည်။ သေရတော့မည်။

ကျွန်မ၏ အသံကို တောင်နံရံတွေက ပဲ့တင်ထပ်လိုက်ကြသော်လည်း မည်သူမျှ ကြားကြပုံ မရချေ။

တောပင့်ကူများ။

တောပင့်ကူများမှတစ်ပါး မည်သည့် အာရုံခံစားမှုကိုမျှ မသိတော့။ အမှောင်ထု ပိန်းပိတ်မှောင်သော အမှောင်ထု၊ အနက်ရှိုင်းဆုံးသော သိပ်သည်းမှုအားလုံး ပြီးဆုံးခဲ့ပြီ။

ဓမ္မစစ်နှင့် သစ္စာတရား။

တောပင့်ကူများ။

တောပင့်ကူများ။

"မေတ္တာဘာဝနာနဲ့ ဖယ်ရှားပါ"

ပဲ့တင်သံများ တောင်နံရံများဆီမှ ဟိန်းထွက်လာသော ပဲ့တင်သံများ ခဲလုံးများ လိမ့်ကျသံ ကြားရသည်။ ပဲ့တင်သံတို့လည်း တုန်ခါရာမှ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားပြန်သည်။ လေထဲမှာ လွင့်မျောစီးပါသွားသော အသံကို လိုက်ဖမ်းဖို့ ကြိုးစားသည်။

တစ်ကိုယ်လုံး တုတ်နှောင်ထားသော ပင့်ကူမျှင်များ။

တောပင့်ကူများ။

ဂူတစ်ခုလုံး တောပင့်ကူများ။

ကျွန်မ နှလုံးသွေးကို ထိုးဖောက်စားကြတော့မည်။

လက်ဝဲဘက် ရင်အုံပေါ်တွင် လေးလံသော ဝန်ထုပ်တစ်ထုပ် ပိလျက်။

အစွယ်ချွန်ချွန်တို့ဖြင့် စူးစမ်းနေကြသော တောပင့်ကူများ။

စားကြပါစေ၊ ထိုးဖောက်စားကြပြီး နှလုံးသွေးရည်ကြည်ကြားမှာ

ကစားပျော်မြူး ကြပါစေတော့။ သေခြင်းတရားဆိုတာ။

အို… စိတ်လျှော့လိုက်ပါတော့။

မွန်းကျပ်သော အမှောင်ထု…။

လက်ဝဲဘက် ရင်အုံထဲက စူးအောင့်နာကျင်မှု။

အသက်ရှူမရလောက်အောင် ခဲပျစ်နေသော လေထု။

ထို့နောက်တွင်ကား နှလုံးသွေးစီးသံများ။

စီးကျလာသည့် နှလုံးသွေးများ။

အလုအယက် အပြေးအလွှား ရောက်လာကြသော တောပင့်ကူတို့ ခြေသံများ။

စီးကျလာသည့် နှလုံးသွေးတို့ဖြင့် တစ်ကိုယ်လုံး စိုရွှဲခဲ့ပြီ။

သေမင်းကလည်း ကျွန်မပါးပြင်ကို ထိနမ်းခဲ့ပြီ။

အေးစက်သော လက်တွေနှင့် သေမင်း။

တောပင့်ကူတို့ ဝိညာဉ်မှာ ပူးကပ်လိုက်ပါလာလေသော သေမင်း။

နှလုံးသားထဲက ဟင်းလင်းပွင့်ကျ စီးဆင်းလာတဲ့ သွေးတွေ…။

ကျွန်မ ပါးပေါ်မှာ ဘယ်လိုရောက်လာပါလိမ့်။

အလို… ဘုရား… ဘုရား။

မျက်ရည်တွေပဲလား။

ကျွန်မ ပါးပေါ်။ ကျွန်မ မျက်နှာပေါ်မှာ။

အို… ကျွန်မ တစ်ကိုယ်လုံး စိုရွှဲစေတာ။

လည်မျို အသံအိုးကို ထိုးဖောက်ထွက်လာသည့် နင့်တင့်တင့် အသံများ။

အလို… ရှိုက်ကြီးတငင်ပါပဲလား။

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လျက် အိပ်ရာခင်း မြက်ဖျာကို ကုတ်ခြစ်ကာ ကျွန်မ ငိုနေမိပါသည်။

ကျွန်မ ဆံပင်တွေ၊ ပခုံးနှင့် လက်တွေ၊ ရင်ဘတ်တွေ၊ ကျောတွေ၊ မြက်ဖျာအခင်းတွေပါ စိုရွှဲနေပါရောလား။

“ဘုရား… ဘုရား”

ထိတ်လန့်ချောက်ချားစွာ ထထိုင်သည်။

မြက်ဖျာအစပ်မှာ အိုးကွဲစတွေ စမ်းမိသည်။

ခေါင်းရင်းက ရေတကောင်းကို အိပ်မက်ယောင်ရင်း ရိုက်ပုတ်မိ၍ ကျကွဲခဲ့လေပြီ။

ရင်ဘတ်ကို စမ်းတော့ နှလုံးက ခုန်ဆဲ။

တောပင့်ကူတွေများ တွေ့လေဦးမလား၊ အမှောင်ထဲကို ကြည့်သည်။

ကျောက်ဂူထဲမှာတော့ နက်ရှိုက်းသော ငြိမ်ဆိတ်မှု၏ အေးသော ပွဲတင်သံသာ လွင့်မျောနေဟန် ရှိသည်။

မည်သည့်အသံမျှ မကြားရ။

မည်သည့်အရာမျှ မမြင်ရ။

ကြောက်စိတ် မပြယ်သေးဘဲ ကြောင်ငေးနေမိသည်။

“အလို… ဘုရား… ဘုရား… စောစောက အိပ်မက်မက်တာပဲလား”

တဒင်္ဂမျှ ဂမ်းသာသွားသည်။ သို့ရာတွင်…

ထိုအိပ်မက်ထဲက အရာတို့သည် ကျွန်မတို့၏ ကျောင်းသင်္ခမ်းတို့ကို

ထာဂစဉ် ဝိုင်းရံလွှမ်းပတ်နေသော ကျိန်စာဆိုးကြီးပမာ ကြီးစိုးခဲ့သည်မှာ ကြာခဲ့ပြီ။

အခုပင် နိမိတ်ဆိုး ပြတာပဲလား။

ဒီတစ်ည မဟုတ်ရင် နက်ဖြန်ည၊ သဘက်ခါည။

တစ်ညညတော့ ရောက်လာကြမှာပဲ။

ကျွန်မ နှလုံးအိမ်ကို ထိုးဖောက်စားကြဦးမှာပါပဲ။

အသက်ရှူ ကျပ်လာသည်။

လောကနဒီကို ဖြတ်ကူးခဲ့စဉ်က ထိုအရာများကို မစဉ်းစားမိခဲ့။

ငြိမ်းချမ်းရာ လွတ်မြောက်ရာ လူ့ဘောင်ဆူးအိမ်၏ နှောင်ဖွဲ့ခြင်း ကင်းဝေးရာ သည်အရပ်မှာမှ ကျိန်စာဆိုးက စူးနှင့်သည်။

သည်ကျိန်စာဆိုး၏ ဒဏ်ကို ကာလဘယ်လောက်ကြာအောင် ခါးစည်းခံကြရမှာပါလိမ့်။

ဓမ္မစစ်တည်ရာကို ညွှန်ပြသွန်သင်လေ့ရှိတဲ့ ဆရာအရှင်။

ကံကြမ္မာဆိုး ကျိန်စာဆိုးတည်ရာကို သုခဘုံလို့ အောက်မေ့နေရတော့မှာလား။

မေတ္တာဘာဂနာနဲ့ ဖယ်ရှားပါလို့ တဖွဖွပြောသော်လည်း တောပင့်ကူတွေအဖို့တော့ မေတ္တာဘာဂနာဟာ ရယ်စရာမျှသာပါလား။ တောပင့်ကူတွေ ကိုက်ခဲလို့ တုန်လှုပ်ချောက်ချားနေတဲ့ ယောဂီတစ်ယောက်ဟာ ဘယ်လိုလုပ် မေတ္တာဘာဂနာ ပွားနိုင်ပါ့မလဲ။

ဂူဂကို ပိတ်ဆို့ထားသော ကျောက်တုံးများကို တွန်းရွှေ့ဖယ်ရှားလိုက်သည်။ အေးမြသော ညလေညင်းက တသင်းသင်း တသန့်သန့် ဝင်လာသည်။ လရောင်အောက်တွင် တရုတ်စံကားပွင့်တို့ ဖွေးဖွေးလှုပ်လှုပ်

ကြွေနေသော ညှ။ မွှေး၍ အေးမြသန့်ရှင်းသော လေ။ အရှေ့ဘက် တောင်တန်းများကို ဖြတ်သန်းတိုက်ခတ်လာသော ညလေ။

လမင်း၏ အရိပ်သည် အနောက်ဘက် ထောင်ထိပ်ဆီသို့ ချဉ်းလေပြီ။ အရှေ့တောင်ရိုးပေါ်မှ သစ်ပင်မည်းမည်းတို့ကြားတွင် အရုဏ်၏ ကြယ်စင်သည် ထွန်းလင်းလျက်။ ထိုတောင်ရိုးပေါ်မှ ကျောက်သားဂူထဲမှာ ဆရာအရှင် ရှိပေမည်။ သို့မဟုတ်လျှင်တော့ ကျောက်သားစေတီရှေ့ ရင်ပြင်တွင် အရုဏ်ဦး ဘာဝနာပွားများနေပေမည်။ အလိုလို အားပြည့်လာသည်။

ငြိမ်းချမ်းသော ဓမ္မစစ်။

ဘဝများစွာကို လောကနဒီအား ကူးဖြတ်၍ ဤမျှဘက်ကမ်းသို့ ရောက်လာစေသော ဓမ္မစစ်။ ထိုဓမ္မစစ်ကြောင့်ပင် ချစ်သူ၊ အိုးအိမ်၊ အမိ၊ အဖ၊ သားချင်းများ၊ မိတ်ဆွေများကို စွန့်ခွာ၍ သည်ဂူတို့ဆီသို့ ရောက်လာခဲ့ကြသည်။ သည်တော သည်တောင်၏ အရိပ်တွင် ခိုလှုံကာ တောသစ်သီးနှင့် ရေဖြင့်သာ ဝမ်းမီးကို ငြိမ်းစေလျက် ဓမ္မစစ်ကို ရှာဖွေခဲ့ကြသည်။ တင်းကျပ်သော စည်းကမ်းဘောင်များဖြင့် နှောင်ဖွဲ့ထားသော ကျောက်သားဂူများ၌ ငြိမ်းချမ်းရောင့်ရဲခဲ့ကြသည်။

အဝေးမှ တောကြက်တစ်ကောင်၏ တောင်ပံခတ်သံနှင့် တွန်သံကြားရသည်။ ကျောက်စက်စမ်းတွင်းသို့ သွားကာ မျက်နှာသစ်သည်။ အေးမြသော ရေကြောင့် လန်းဆန်းလာသည်။ စမ်းတွင်းဘေးမှာတော့ ယခင်နေ့တွေက တွေ့ခဲ့ရသော အိုးကွဲစများ ရှိသေးသည်။ ညငှက်တစ်ကောင်က တောင်ပံရိုက်ကာ ဂီးခနဲမြည်လျက် ခေါင်းပေါ်မှ ဖြတ်သန်းသွားသည်။ ကြက်သီးတဖြန်းဖြန်း ထသွားသည်။

စောစောက ရရှိခဲ့သော ငြိမ်းချမ်းခြင်း အရသာမှာ ပျောက်ကွယ်သွားသည်။

ဒေါ်ခေမာ ဒေါ်ခေမာကို သတိရလာသည်။

ညှင်၏ ဝိညာဉ်မှာ ပူးကပ်ကာ ကျွန်မကို ခြောက်လှန့်ခြင်းပေလား။

အိုးခြမ်းကွဲများ။

ဒေါ်ခေမာ မသေမီက အမှတ်တမဲ့ ခြေချော်ကာ လွတ်ကျခဲ့သော အိုးကွဲစများ။ သို့သော် တရားရှင် ဒေါ်ခေမာ ကောင်းရာသို့သာ ရောက်ပါလိမ့်မည်။

တောပင့်ကူများ ကိုက်စားခံရသည့်တိုင် ဘာဂနာအပွား အမှတ်မပျက်ဘဲ အသက်ထွက်ခဲ့သော ဒေါ်ခေမာ၏ ရုပ်အလောင်းကို မြင်ယောင်လာသည်။ မျက်လုံးအိမ်များနှင့် နှလုံးအိမ်မှာ ဟောက်ပက် ဖြစ်နေသော်လည်း မတ်မတ်ထိုင်ရင်း ဘာဂနာ ရှုမှတ်နေဟန်ဖြင့် ဖြူရော်သေဆုံးခဲ့ရှာသည်။

မှောင်ရီရီ မနက်ဆည်းဆာထဲတွင် ဖြူတစ်ဝက် မည်းတစ်ဝက် ကျောက်တုံးတွေပေါ်မှာ သူလာထိုင်နေတော့သလိုလို။

ရင်ထဲ ဖိုလှိုက်လာသည်။

ငိုချင်လာသည်။

"ဒေါ်ခေမာရေ၊ အမျှ... အမျှ"

တောသစ်သီးတွေ အတူရှာကြည့်တိုင်း ကျွန်မတို့ ငဲ့ညှာခွဲဝေပေးလေ့ရှိသော ဒေါ်ခေမာမှာ ကျွန်မ၏ အမိပမာပါတည်း။ လောကနဒီကို ဖြတ်ကူးလာစက သည်ဂူသခ်မ်းမှာ နေရာချပေးခဲ့သူ။ လင်းနို့များ လာတတ်သဖြင့် ညညချောက်ချားကာ ဂူထဲမှာ တစ်ယောက်တည်း မအိပ်ရဲသဖြင့် သူ့ဂူသခ်မ်းသို့ ပြေးခဲ့ရပုံများ။

"မိန်းကလေးဟာ ယောဂီတစ်ယောက် ဖြစ်လာပြီကွဲ့၊ အကျွန်ကို လာပြီး မနှောင်ဖွဲ့ချင်နဲ့တော့။ သဘာဂရဲ့ အခြောက်အလှန့်တွေလည်း ခံနိုင်ရဲရမယ်။ သွား... ဒီကညင်ဆီကလေး ယူပြီး ထွန်းထား"

သစ်သီးရှာရင်း မိုးမိခဲ့ကြသည့် တစ်ညမှာတော့ ကျွန်မ အပြင်းဖျားကာ ကယောင်ချောက်ချား ဖြစ်နေစဉ် နဖူးပေါ်လက်တင်ကာ ဘာဂနာရှုဖို့ ပြောခဲ့သည်။ သူလည်း တစ်ညလုံး မအိပ်ဘဲ ကျွန်မဘေးမှာ ထိုင်စောင့်ကာ ရွတ်ဖတ်နေသည်။ ကျွန်မ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီးနောက် မနက်လင်းတော့ အဖျားကျသွားသည်။ ထိုမှ ထူထူထောင်ထောင် ဖြစ်လာကာ ဝေဒနာတွေ ကင်းကင်းပျောက်သည်အထိ သစ်သီးရှာမလိုက်စေဘဲ ကျွန်မအတွက်ပါ ရှာဖွေပေးခဲ့သည်။

ကျောက်စက်စမ်းတွင်းကလေးမှာ သူနှင့် ကျွန်မတို့ ဂူများ၏ နယ်နမိတ် အမှတ်အသားလည်း ဖြစ်သည်။ သည်နေရာမှာ သောက်ရေအတူ လာခပ်နေကျ။ တရုတ်စံကားပန်းကုံများ သီကာ ကျွန်မတို့ အတူတည်ထားကြသည့် ကျောက်သားစေတီသို့ သွား၍ ပူဇော်နေကျ ဖြစ်သည်။ “စားရာ သွားရာ နားနေရာမှာ ဘာဂနာကို ရှုမှတ်ပါ” ဆိုသည့် ဆရာအရှင်၏ ဓမ္မစကားနှင့်အညီ အကျင့်ကြံနိုင်ဆုံးသူမှာလည်း ဒေါ်ခေမာသာပါတည်း။ ခုတော့ သူ မရှိခဲ့ပြီ။

သည်လို တရားရှင်အား တောပင့်ကူတွေ ဘာကြောင့် စားကြပါလိမ့်။

ဒေါ်ခေမာပင် တောပင့်ကူ အစားခံရသေးလျှင် ကျွန်မလို သာမည ယောဂီပေါက်စအဖို့ ပြောဖွယ်ရာ မရှိတော့ပြီ။ အကြောက်တရားက လက်တွေခြေတွေကို အေးခိုက်ထုံကျဉ်စေသည်။ ရင်ထဲမှာ လေးလံတင်းကျပ်လာပြီး တစိမ့်စိမ့် နာကျင်လာသည်။

***

## (၂)

ငယ်စဉ်ကတော့ လောကနဒီ၏ တစ်ခုသော ကမ်းပါးတွင်

အဖော်များစွာဖြင့် ကစားပျော်ရွှင်ခဲ့ဖူးသည်။ ကမ်းရေဆိပ်မှ ညောင်မုတ်ဆိတ်ပင်ကြီးများ၏ အရိပ်တွင်ထိုင်ကာ ဟိုမှာဘက်ကမ်းမှာ ဘာတွေရှိသလဲ၊ အံ့ဩငေးမောခဲ့ဖူးသည်။

လှူပျိုကာလသားတို့၏ ပလွေသံများ၊ ရွာသူမိန်းမပျိုတို့၏ ရေခပ်ရင်း တေးဆိုသံများ၊ တေးသီချင်းတွေမှာ လောကနဒီ၏ ဟိုမှာဘက်ကို ကူးခတ်လွတ်မြောက်သွားသူအား စောင့်စားလွမ်းဆွတ်ပုံတွေ ဖွဲ့သီထားလေသည်။

လောကနဒီ၏ လှိုက်ကြက်ခွပ်များ ရွှေရောင်လက်ဖြာသော ညနေများစွာတွင် ထိုတေးသံတို့ အဖန်ဖန်အလဲလဲ ကြားခဲ့ရလေသည်။ ကြားရတိုင်းလည်း ရင်ထဲမှာ မောလျကာ လောကနဒီ၏ ဟိုမှာဘက်သို့ စိတ်ဝိညာဉ် ဝေ့ဝဲစူးစမ်းမိမြဲ ဖြစ်၏ ။

လောကနဒီ၏ ဟိုဘက်ကမ်းကို ဘာကြောင့်များ သွားကြပါလိမ့်။ ဟိုမှာဘက်မှာ ဘယ်လိုအရာတွေများ ရှိနေပါလိမ့်။

စိတ်မေးခွန်းများစွာ။

ကျေနပ်ရောင့်ရဲမှု မရစေသော အဖြေများစွာ။

သည်လိုနှင့် ကြီးပြင်းလာခဲ့ရသည်။

ဘဝတည်းဟူသော မီးလျှံတွင် ပြင်းထန်သော လောင်မြိုက်မှုများစွာ ခံရသောအခါ အေးငြိမ်းမှုကို တောင့်တလာသည်။

လောကနဒီရဲ့ ဟိုမှာဘက်မှာ အေးချမ်းရာ ရှိသတဲ့။

သံသရာမှ လွတ်မြောက်ရာ သစ္စာတရားကိန်းဝပ်ရာ၊ ဓမ္မစစ်ကို တည်ဆောက်ရာ ဘာဝနာတရားဖြင့် ရောင့်ရဲရာ ယောဂီတို့၏ ကျောင်းသင်္ခမ်းများ ရှိသတဲ့။

ကူးခတ်ဖြတ်သန်းဖို့ မလွယ်သော လောကနဒီဖြစ်ကြီးက

ဆီးတားခဲ့ပြန်လေသည်။

မွေးဖွားခြင်းနှင့် သေခြင်းကြားတွင် လူသားတစ်ယောက်အဖြစ်ကား ပင်ပန်းကြီးပေစွ။ ဘဝဟူသည် ငိုချင်းရှည်လေလား။ ရယ်မောပျော်ရွှင်မှုများဖြင့် မွမ်းမံထားရာ သုခံစံအိမ်သာပေလား။ ငိုခြင်း၊ ရယ်ခြင်း၊ နာကျင်ညည်းတွားခြင်း၊ ချောက်ချားအားငယ်ခြင်း၊ ကြည်နူးဝမ်းသာခြင်းတည်း ဟူသော လှိုင်းများ။ ထိုလှိုင်တွေက နိမ့်လိုက်၊ မြင့်လိုက်၊ တက်လိုက်၊ ဆင်းလိုက် ရိုက်ပုတ်နေမည်။ ဆံဖြူသွားကြွေ… သေလွန်သည်ထိ။

ထိုလှိုင်းတွေကို ဘယ်အရာဖြင့် တားဆီးနိုင်ပါမည်လဲ။

ပထမဆုံးက အဖေ သေဆုံးခဲ့လေသည်။

သေခြင်းတရားကို မျက်ဝါးထင်ထင် မြင်ရစဉ်က ကျွန်မအသက်မှာ ၉ နှစ်ကျော်ကျော်သာ ရှိခဲ့သည်။ လောကနဒီ မြစ်ရေကြီးချိန်များတွင် မြစ်ထဲမှ ထင်းဆယ်ရင်း ထင်းနှင့် ဒိုက်သရောတွေထဲမှာ ပါလာသော မြွေကိုက်၍ သေရသော အဖေ။ အဖေ့အလောင်းကို ဖက်ကာ ဆံစဖားလျားနှင့် ရင်ဘတ်စည်တီး ငိုကြွေးခဲ့သော အမေ။ သေခြင်းတရားကြောင့် အားထားရာ တောင်ထွတ် ပြိုကျသွားသောအခါ ကျွန်မတို့ ကလေးများဘဝမှာ ကစဥ့်ကလျား ဖြစ်ခဲ့ရလေသည်။ သရောကြီး ခိုင်းသည့်နှစ်များတွင် အမေက ကျွေးဥမြေဥများကို တူးကာ ရှာဖွေကျွေးခဲ့သည်။ ငါးယောက်သော ကလေးများလည်း ဖျားနာ၍ လည်းကောင်း၊ ကပ်ရောဂါကြောင့် လည်းကောင်း တစ်ယောက်ပြီးတစ်ယောက် သေကြလေသည်။ ရှားစောင်းပြသာဒ်များနှင့် တောနာနတ်ရိုင်းတို့ လွှမ်းရာ သချႋုင်းမြေသို့ သွားသည့် မြေနီလမ်းကလေးကို အမှတ်ရပါသေးသည်။ သေဆုံးသွားသော ကလေးငယ်အလောင်းတို့ကို သယ်ကာ အမေနှင့် ကျွန်မ ထပ်ကာထပ်ကာ ဖြတ်သန်းသွားဖူး၍ တည်း။ ထနောင်းပင်များပေါ်မှ ချိုးကူသံများကြားလျှင် မကျွတ်မလွတ် နိုင်ရှာသော ကလေးတို့ ငိုကြွေးသံပဲ ထင်မိသည်။

အမေ့မျက်ရည်တို့ခမ်းစ၊ ကပ်ရောဂါများ ကျရောက်လာသော နှစ်များပင် အမေဆုံးသည်။ ထိုနှစ်များမှာတော့ လောကနဒီ၏ မြစ်ကမ်းပါးတွင် မီးခိုးငွေ့များ ဖုံးလွှမ်းခဲ့လေသည်။ တွယ်တာစရာ ဟူသမျှကို သေခြင်းတရားက စုပ်ယူဝါးမျိုသွားခြင်း ခံရသော ကျွန်မသည် ရွာပျက် မီးလောင်မြေနှင့် သချႋုင်းတို့ကြားတွင် တစ်ကိုယ်တည်း လှည့်လည်နေခဲ့သည်။ သူတစ်ပါး ပေးကမ်းသော သေစာရှင်စာတို့ကို စားကာ သချႋုင်းဇရပ်မှာ နေခဲ့သည်။ ကျွန်မကို ရူးသွပ်သွားပြီဟု ဆိုသူက ဆိုကြလေသည်။

ပိန်းပိတ်မှောင်သော မိုးညများ၊ လျှပ်စီးရောင် ဝင်းပြက်သော အလင်းတန်းများ၊ မိုးထစ်ချုန်းသံများ ကြားတွင် အဖေ၊ အမေနှင့် ကျွန်မ၏ မောင်ငယ်များကို မြင်ရသည်။ သူတို့ရှိရာသို့ လက်ဆန့်ပြေးလွှားသွားသောအခါ နက်ရှိုင်းသိပ်သည်းသော အမှောင်ထုအောက်မှာ ပျောက်ကွယ်သွားကြပြန်လေသည်။

အရှက်တရား၊ အကြောက်တရားနှင့် မျှော်လင့်ခြင်း အိပ်မက်များဖြင့် ဘဝတစ်ဖန် ပြန်လည်သစ်စေခဲ့သော နေ့ရက်များ...။

ထိုနေ့ ထိုရက်တို့ကိုကား လောကနဒီ၏ ဤမှာဘက်ကမ်းသို့ ရောက်လာပြီးကတည်းက မေ့လျော့ထားခဲ့လေသည်။

တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ကာ ဆေးကုသပေးသော ဗိန္ဒောဆရာငယ် တစ်ယောက် ရွာကို ရောက်လာခဲ့လေသည်။ ဆေးစွမ်းထက်လှသည်ဟု ကျော်စောသော ဆရာငယ်က သမားဂုဏ်ပြခဲ့လေသည်။ သေလုမျောပါး လူနာကိုပင် ရှင်စေနိုင်သတဲ့။ ရူးသွပ်သူများအတွက်လည်း သည်းခြေခိုက်သောဆေး ရှိလေရဲ့။ သချႋုင်းဇရပ်မှာ နေသော်လည်း ရွာသူတစ်ယောက်မျှသာ ဖြစ်သော ကျွန်မအား ရွာသူကြီးများက ဖမ်းဆီးကာ ဆရာငယ်ရှေ့သို့ ပို့ဆောင်ခဲ့ကြသည်။ သို့သော် ထိုဆရာကား ရွာသူပယောဂ အပမှီသည် စွပ်စွဲကာ ကြိမ်လုံးကို မဝင့်ခဲ့ဘဲ ကြင်နာသောဆေး တိုက်ကျွေးခဲ့လေသည်။ မိုးဦးကျ၍ လောကနဒီ၏ လှိုင်းတို့ တလိပ်လိပ်ထကာ

ရွာထိပ်သို့ လှိုင်းဦးတိုက်စ တစ်ညနေတွင် ရွာ၏ သချႋုင်းမြေနှင့် ဖုန်းဆိုးတောကို နှုတ်ဆက်ကာ ဆရာငယ်နှင့်အတူ လှေဖြင့် လိုက်ပါခဲ့လေသည်။

ဧရာမ ရွက်လှေကြီးမှာ တစ်ရွာဝင်တစ်ရွာထွက်နှင့် ဘယ်သောင်ဘယ်ကမ်း ဘယ်အရပ်ဒေသတွေကို ဖြတ်သန်းရောက်ရှိခဲ့သလဲ မမှတ်မိတော့ပါ။ ရေထဲတွင် စုံးစုံးနစ်ဝင်သွားသော နေလုံးနီကြီးများ၊ ရေလှိုင်းတို့ကြားမှာ တရွေ့ရွေ့ မျောပါသွားတတ်သော ကြယ်စင်များ၊ လခြမ်းကွေးများဖြင့် ရေတွက်လျှက် ရက်ပေါင်းရာထောင်ချီရော့မည်။ ကျွန်မ ရင်ခွင်မှာလည်း ချစ်စဖွယ် တီတီတာတာ ပြောတတ်သော ရင်သွေးငယ်တစ်ယောက် ရှိခဲ့ပြီ။ သေခြင်းက ကျွန်မ အချစ်ဆုံးအရာများကို လုယက်ယူငင်သွားလေ့ ရှိသဖြင့် ကျွန်မ၏ သားကို ရင်ခွင်ထဲမှ မျက်စိအောက်မှ အပျောက်မခံဝံ့ခဲ့။ သို့သော် ချမ်းမြေ့သော ဘဝတာထဲတွင် နေရသော နေ့ရက်ကာလများ၌ သေခြင်းတရားနှင့် သချႋုင်းမြေများတည်း ဟူသော အတိတ်ဘဝ၏ အရိပ်ဆိုးများ ကင်းစင်ပပျောက်သွားပြီ ထင်ခဲ့သည်။ သည်လင် သည်သားနှင့် သည်မိသားစုဘဝသာ ထာဝရတည်မြဲသောအရာ ထင်မှတ်ခဲ့လေသည်။

ကပ်ရောဂါများ ကျရောက်နေသော ရွာများကို ဖြတ်သန်းသွားရပြန်လေသည်။ ရွာများဆီသို့ ဆေးကုဆင်းရတိုင်း ကျွန်မတို့ သားအမိကို လှေဝမ်းထဲမှာ ထားခဲ့တတ်လေသည်။ နွမ်းနယ်ဟောက်ပက်သော မျက်နှာဖြင့် သေခြင်းတရား၏ အရိပ်တို့ကို သယ်ဆောင်လာသူအား ထိတ်လန့်ချောက်ချားစွာ ကြည့်ရင်း…

“ဆေးကုမစားကြပါစို့နဲ့နော်၊ သမားဆိုတာလည်း သေခြင်းနဲ့ မကင်းနိုင်ပါဘူး”

တောင်းပန်မိလေသည်။ မှိန်မှိန်လင်းသော ဆည်းဆာ၏ အရိပ်ထဲမှာ ခေါင်းကို လေးပင်စွာ ခါရမ်းရင်း သူက ငြင်းဆိုလေသည်။

"သေတယ်ဆိုတာ မဆန်းပါဘူးကွယ်၊ သတ္တဝါတွေကိုတော့ ကယ်ရမှာပဲ"

သူ့ကို ထာဝရ ဆုံးရှုံးရပြန်ဦးမည်လား။ သားကို ဖက်ကာ ကျွန်မ ငိုမိလေသည်။ သေခြင်းတရားမှာ ကျွန်မ၏ ဘဝတာတွင် အဘယ်မျှ ခါးသည်းခဲ့ကြောင်း သိလျက်နှင့် သည်အလုပ်ကို ခင်တွယ်သည်မို့ ရင်ထဲမှာ နာကျင်ခဲ့ရသည်။ ကျွန်မ၏ နှလုံးအိမ်မှာ ပူလောင်နာကျင်မှုတွေ ပြည့်သိမ်ကာ သားသာ ဖြေသိမ့်စရာ ဖြစ်လာခဲ့သည်။ သို့ဖြင့် နေ့ရက်များစွာ ဖြတ်ကျော်လာခဲ့ပြန်လေသည်။ သို့သော် ရက်စက်သော သေခြင်းတရားက ကျွန်မရင်ခွင်ထဲမှ သားငယ်ကို ဆွဲထုတ်ခေါ်ငင်သွားလေသည်။ မထင်မှတ်သော တစ်နေ့မှာ ဖြစ်၏ ။

နွေဥတု၏ ပူလောင်သော တစ်နေ့ခင်းမှာတော့ ကျွန်မသည် သားငယ်ကို ခေါ်ကာ မြစ်ထဲသို့ ရေဆင်းချိုးကြသည်။ ကောင်းကင်မှာ ကြည်လင်ပြာလျက်။ တိတ်တမျှင်မျှ မမြင်ရ။ ရေပြင်တစ်ခုလုံး နေရောင်အောက်မှာ ဘော်ငွေရောင် လောက်လက်နေတာ ငြီးငွေ့စရာလည်း ကောင်းလှသည်။ ပူပြင်းလွန်းသော ရာသီဥတုကြောင့် ခေါင်းတွေ နောက်ကျိထုံးထိုင်းနေကြသော ကျွန်မတို့သားအမိ နှစ်ယောက်မှာ ရေထိသည်နှင့် ချက်ချင်းပင် ရွှင်ရွှင်လန်းလန်း ဖြစ်လာကြသည်။ ကမ်းစပ်ရေတိမ်မှာ တစ်ယောက်ကို တစ်ယောက် ရေပက်ကစားရင်း ရေထဲမှ မတက်နိုင်ကြ။ ရေက အနည်းငယ် ပူသော်လည်း ပူလောင်သော ဝန်းကျင်တစ်ခုလုံးထဲမှာတော့ အအေးဆုံးနေရာ ဖြစ်ခဲ့၏ ။ သားက ကမ်းဆီသို့ မျောပါလာသော ကျီးအာသီးများ၊ လက်ခုပ်သီးများကို ဆယ်ကာ ကစားသည်။ နီရဲလှပသော အသီးများမှာ ဆယ်လို့ မကုန်နိုင်ဘဲ ကမ်းခြေမှာ တစ်ပုံကြီး ဖြစ်လာလေသည်။ သားက စူးစမ်းလိုစိတ်ဖြင့် ကျီးအာသီးတစ်လုံးကို ခွဲကာကြည့်တော့ အသီး၏ ဝမ်းဗိုက်ထဲက မည်းမှောင်ပုပ်သိုးသော ချွဲကျိကျိအစေးတွေနှင့်အတူ ပိုးကောင်းတွေ ထွက်ကျလာလေသည်။ ကလေးက

လန့်ဖျပ်လွှတ်ချကာ…

“အမေ… ပိုးတောင်တွေ၊ ပိုးတောင်တွေ”

ထိုညမှာပင် ကျွန်မတို့ သားအမိနှစ်ယောက်လုံး အပူကြီး၍ အပြင်းဖျားကြတော့သည်။ ပူလွန်းလောင်လွန်းသဖြင့် လူးလိမ့်နေကြရသည်။ သူ တိုက်ကျွေးသော ဆေးပြင်း ဆေးခါးကြီးများကို ကျွန်မက မျက်စိမှိတ် သောက်နိုင်ခဲ့သော်လည်း သားခမျာ မသောက်နိုင်ရှာဘဲ အော့အန် တွေးထုတ်ပစ်လေသည်။ ကျွန်မသည် အပူကျဆင်း၍ ထူထူထောင်ထောင် ဖြစ်လာခဲ့သော်လည်း သားခမျာ လူးလိမ့်ညည်းညူရင်း ရေမြောသီးများကို လိုက်ဆယ်ဆဲ ဖြစ်သည်။

“အမေ… အမေ… ဟိုမှာ… အတီးတွေ… အတီးတွေ”

“ပိုးတောင်တွေ ထွက်လာပြီ၊ ပိုးတောင်တွေ ထွက်လာပြီ… မေ”

ကလေး၏ နှုတ်ခမ်းကလေးများမှာ ခြောက်သွေ့ဖူးရောင်လျက် အက်ကွဲနေသည်။ သား၏ နှုတ်ခမ်းထော်ထော်ကလေးများကို ရေဝတ်တို့ပေးဆဲ၊ ရင်ထဲမှာ ဆို့ဆို့တက်လာသည်။ ဖိုလှိုက်ဖိုလှိုက် ဖြစ်နေသော ရင်ဘတ်ကလေးကို အဖေလုပ်သူက အုပ်ကိုင်ကာ…

“သား.. သား… သားလေး”

မချိတင်ကဲ ခေါ်သည်။ ခေါ်သံကြောင့် ဝေဒနာ ခံစားနေရခြင်းအတွက်ပါ မကြည့်ရက်၊ မကြားရဲဖြစ်ကာ မျက်နှာလွှဲမိလေသည်။

“ဆရာကြီး… ဆရာကြီး”

အားကိုးတကြီး ခေါ်သံနှင့်အတူ ရွာထဲမှ လူတွေ လှေပေါ်တက်လာကြပြန်သည်။ သားကို တစ်ချက်ငဲ့ကြည့်ရင်း ဆေးလွယ်အိတ်ကို ဆွဲလျက် မငြင်းဆန်နိုင်ဘဲ လိုက်သွားရပြန်သည်။

မှိန်သော မီးရောင်အောက်မှာ ကြောက်မယ်ဖွယ် အပူကြီးပူလျက် လူးလိမ့်ကျသော သားကလေးလက်တွေကို ဆုပ်ကိုင်ရင် ကျွန်မသာ ကျန်ခဲ့သည်။ မျက်လုံးများကို မှိတ်၍ ညည်းညူနေရာမှ သား၏ မျက်နှာပြင်တစ်ခုလုံး ထူးဆန်းသော အလင်းရောင် ယှက်သန်းလာကာ မျက်လုံးကို ဖွင့်၍ ဟိုသည်ကြည့်သည်။ ခပ်ယဲ့ယဲ့ပြောဖို့ အားယူကာ..

"ဟိုမှာ… ဟိုမှာ… အမေ"

သား၏ ပူခြစ်နေသော လက်ကလေးတွေကို ပါးပြင်မှာ ကပ်ကာ ပါးစပ်က အာစေးထည့်သလို ဆို့နစ်လျက် သားလေး မျက်နှာကိုသာ လိုက်ကြည့်နေမိသည်။ ထူးဆန်းသော အလင်းရောင်လည်း ရုတ်ခြည်းဖျော့လျက် မှေးမှိန်သွားကာ သားကလေးလက်တွေ ပျော့ခွေသွားသည်။

ကျွန်မ မျက်လုံးထဲသို့ ဝင်းထိန်စူးရှ ပြင်းထန်လွန်းသော အလင်းရောင်ကြီး ရုတ်တရက် စီးဝင်လာပြီးနောက် ရုတ်ခြည်း မှောင်မိုက်သွားလေသည်။ ထို့နောက်တွင်ကား ဟာလာဟင်းလင်း ဖြစ်နေသော လှေဝမ်းနံရံများ။

နေ့ညများစွာ မအိပ်ဘဲ မစားဘဲ ရေပြင်ကို စိုက်ကြည့်နေခဲ့သည်။ သားအဖေက ကျွန်မကို "စိတ်ကိုလျှော့လိုက်ပါတော့ကွယ်" တဖွဖွ တောင်းပန်ရင်း အရိပ်တကြည့်ကြည့် စောင့်ကြည့်နေခဲ့ရလေသည်။ သား အလောင်းကို တစ်ရပ်တစ်ကျေးက သချႋင်းမြေမှာ မြှုပ်နှံကာ ကျွန်မစိတ် ပြန်လည်လာမလား မျှော်လင့်လျက် ဇာတိရွာကို ပြန်ခေါ်လာခဲ့လေသည်။

ထနောင်းပင်ထက်မှ ချိုးကူသံများ ကြားရပြန်လေသည်။

"ကူကူး… ကူကူး" ချိုးသံကလေးမှာ "သေဦး… သေဦး" ပြောလေဦးမည့် နိမိတ်ဆိုး၏ အသံအလား ထင်ယောင်မှားမိပြန်သည်။ လောကနဒီ၏ ဘယ်ကမ်းဘယ်သောင် ဘယ်အရပ်မှာမဆို ရောက်နှင့် စောင့်ကြိုလေသော

သေမင်း။

ကျွန်မရင်တွင်းမှာ စိုးထိတ်ပူပန်မှုများဖြင့် တစ်ဖန်လောင်မြိုက်ရပြန်လေသည်။ ရွာဦးမှသည် ဘယ်ဆီသို့ ခြေလှမ်းလှမ်း၊ ထနောင်းပင်တန်းကို လွန်၍ ရှားစောင်းပြာသာဒ်နှင့် တောနာနတ်ရိုင်းတို့ ဝန်းရံသော မြေနီလမ်းကလေးသို့သာ ဦးတည်မိသည်။

ကျွန်မ နေထိုင်ခဲ့ဖူးသော သချႋုင်းဇရပ်အိုလည်း ပြိုပျက်ခဲ့သည်။

အဖေ၊ အမေနှင့် မောင်ငယ်တို့ မြေပုံများလည်း အသစ်အသစ်သော မြေကမူတွေ၊ အုတ်ဂူတွေကြားမှာ ပျောက်ဆုံးသွားခဲ့လေပြီ။ သေခြင်းကား အေးစက်သော လေထုထဲမှာ ထုံထိုင်းသော ရနံ့တို့လွင့်လျက်။ ကျွန်မ၏ ခြေလှမ်းတိုင်းကို အဆင်သင့် စောင့်ကြိုနေဟန်တကား မျက်ရည်တို့လည်း တစ်ခဲနက် စီးပြိုကာ ငိုမိပါလေပြီ။

“ကျွန်မကို ဒီမှာပဲ ထားခဲ့ပါတော့”

ခင်ပွန်းသည်က စိုးရိမ်ထိတ်လန့်စွာဖြင့် ကျွန်မလက်တို့ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

“ဘာလို့ ထားခဲ့ရမှာလဲ၊ ပြန်လိုက်ခဲ့ပါကွယ်၊ လာ… သွားကြပါစို့”

ကျနေ၏ အရိပ်ထဲတွင် မြူခြည်ပါးပါး လွှမ်းမိုးထားသော မြေပုံများ။

“ကျွန်မ မလိုက်ပါရစေနဲ့တော့။ ကျွန်မကို မခေါ်ပါနဲ့တော့… ရှင့်လမ်းသာ ရှင် ဖြောင့်ဖြောင့် သွားပါတော့…”

သူက မျက်ရည်များကို သုတ်ပေးကာ…

“ဘာကြောင့် အဓိပ္ပါယ်မရှိ ပြောနေတာလဲ၊ ပြန်ကြပါစို့”

ကျွန်မက ရုတ်တရက် လက်တွေကို ရုန်းကာ သူ့ကိုပါ တွန်းဖယ်ပစ်လိုက်သည်။

"မပြန်ဘူး"

သူက ကျွန်မ ရှုးသွားပြီထင်၍ ကြောင်ငေးနေလေသည်။

"ရှင်သေမှာကို ကျွန်မ ကြောက်တယ်၊ ကျွန်မ ရှင့်နောက်လိုက်ရင် ရှင်လည်း သေဦးမှာပဲ"

"သေမယ်"

သူက စကားကို ပဲ့တင်ထပ်လိုက်သည်။ ထို့နောက် မျက်မှောင်ကြုတ်လျက် တွေရာက..

"ဟင့်အင်း... ကျွန်မကြောင့်တော့ ရှင် မသေစေရဘူး"

"အဓိပ္ပါယ် မရှိတာတွေ ပြောမနေပါနဲ့ကွယ်၊ ဘယ်သူမှ မသေကြရပါဘူး၊ တို့မှာ သားတွေ သမီးတွေ ရလာကြဦးမယ်။ မြေးတွေ မြစ်တွေနဲ့ ဝိုင်းဖွဲ့ပြီး ပျော်ပျော်ပါးပါး နေကြရဦးမယ်"

သူက ခြောက်ကပ်ကပ်နှင့် ရယ်လိုက်သည်။

"ကဲလာ.. သွားကြစို့"

ကျွန်မလက်ကို ဆွဲကိုင်ဖို့ ကြိုးစားသည်။

ကျွန်မက အနားကပ်ပင် မခံဘဲ...

"ရှင် သွားတော့... သွားလေ... ကျွန်မ မလိုက်ဘူး။ ဘယ်တော့မှ မလိုက်ဘူး၊ အတင်းဖမ်းခေါ်မယ် ဆိုရင် လောကနဒီမြစ်ထဲ ခုန်ချလိုက်မှာပဲ"

သူ တုန်လှုပ်ချောက်ချားစွာ စိုက်ကြည့်ရင်း ခေါင်းခါရမ်းလေသည်။

မျက်နှာမှာ ကြေကွဲခြင်း၊ ယူကျုံးမရခြင်းကြောင့် အိုမင်းသွားလေသည်။

သူ့အသံမှာ ကြင်နာခြင်း၊ စိတ်ပျက်ဝမ်းနည်းခြင်း၊ အားငယ်ချောက်ချားခြင်းတို့ကြောင့် လိုဏ်သံပေါက်လျက် နက်ရှိုင်းနေသည်။

“မင်း မနေခဲ့ချင်ပါနဲ့ကွယ်၊ မင်းနေခဲ့ရင်လည်း ငါဘဝ သေသလိုပါပဲ။ ဒီတော့ ဘာထူးမှာလဲ။ မင်းရောငါရော တစ်နေ့တော့ သေကြရမှာပါ။ ဘယ်သူအရင် သေရမယ် ဘယ်သိမလဲ။ မသိတာကို ကြိုတင်ပြီး ကြောက်ရွံ့ချောက်ချားနေလို့ ဖြစ်ပ့ါမလား။ လာ… သွားကြပါစို့။ ငါ့မှာလည်း သေခြင်းကို တားဖို့ ဆေးတွေဝါးတွေ ရှိပါသေးတယ်။ ငါ ဆေးသမားပါကွယ့်”

သူ့အသံ၏ နက်ရှိုင်းတုန်ခါမှုကြောင့် ကျွန်မလည်း ကြောက်ရွံ့ချောက်ချားလာကာ နှလုံးသားထဲမှာ စူးချွန်တစ်ခုနှင့် ထိုးဆွသလို နာကျင်စူးရှလျက် အသံကုန် အော်လိုက်မိသည်။

“ဘာ… ဆေးသမားလဲ၊ ကျွန်မသား သေပြီလေ… ကျွန်မသားလေး”

ကျွန်မ မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ရှိုက်လိုက်သည်။

အချိန်နာရီ မသိတော့ဘဲ ကြာမြင့်စွာ ရပ်နေမိကြလေသည်။

နောက်ဆုံးတော့ သူ လက်လျှော့ရလေသည်။

သူလည်း စိတ်ဆင်းရဲကြီးစွာ အသံတွေ တုန်ယင်ဆို့နစ်လျက်…

“မင်း နေချင်လည်း နေခဲ့ပါကွယ်၊ ဒါပေမယ့်…”

အသံတိမ်ဝင်သွားပြီးနောက် စကားမဆက်နိုင်တော့ဘဲ ခေါင်းငိုက်စိုက်ချကာ လှေဆိပ်သို့ တရွေ့ရွေ့ ဆင်းသွားသည်။ ကျွန်မ တစ်ကိုယ်လုံး တောင့်တင်းလျက် ငိုင်နေမိသည်။

နေ့ရက် အတန်ကြာသောအခါ သူ ရွာစဉ်လှည့်ကာ ပြန်လာလျှင် ဝင်ခေါ်မည် ဖြစ်ကြောင်း လှေကြုံနှင့် မှာလိုက်လေသည်။ ခွဲခွာနေရမှ သူ့အပေါ် ထားရှိသော သံယောဇဉ် နှောင်ကြိုးများ၏ တင်းကျပ်ရစ်ပတ်ခြင်းဒဏ်ကို ပို၍ ပင် ခံစားလာရသည်။ သို့ရာတွင် သေကွဲကွဲရခြင်းထက် စာလျှင်ကား ကိုယ့်ချစ်သူ၏ ရှင်သန်ခြင်းကို သိရှိကာ အဝေးမှာ ရှိနေခြင်းက ပို၍ ဖြေသာပါသေးသည်။

သေမည်ဆိုလျှင်လည်း ကျွန်မသာ အလျင်သေခြင်းနှင့် တွေ့ဆုံချင်ပါသည်။ နောက် ထပ်မံ၍ ပူလောင်ပြင်းထန်မှုကို မခံစားလိုတော့။

ထိုသို့သော အပူမီးများ လောင်မြိုက်စဉ်မှာပင် လောကနဒီကို ကူးခတ်ဖြတ်သန်း၍ အေးချမ်းရာသို့ လွတ်မြောက်သွားသူများအကြောင်း ကြားသိခဲ့ရလေသည်။ လောကနဒီကို ကူးဖြတ် ကျော်လွှားရဲစေသော သတ္တိစွမ်းအားများမှာ ခုတော့ ဘယ်လိုအဓိပ္ပါယ် ဆောင်နေကြောင်း ကောင်းကောင်း သိမြင်ခဲ့ပါပြီ။ ဘဝကို ရင်မဆိုင်ရဲတော့သဖြင့် လောကနဒီကို ကူးဖြတ်မိခဲ့လေသလား။ ယောင်မှားသံသယ ဝင်မိလျှင် သေခြင်းကို ကြောက်သည့် အကြောက်တရားထက် အဆများစွာ ပြင်းထန်ကြီးမားသည့် အကြောက်တရားက ကျွန်မတစ်ကိုယ်လုံး လွှမ်းမိုးအုပ်ဆိုင်းသွားတတ်သည်။

"သူပြောတာလည်း ဟုတ်မှာပဲ။ ငါ့မှာ နောက်ထပ် သားသမီး မြေးမြစ်တွေနဲ့ ဘဝကို ပျော်ပျော်ကြီး နေခွင့်ရချင်လည်း ရမှာပဲလေ။ ခုတော့… တောပင့်ကူတွေ"

***